# လမ်းညွှန်

လူပုဂ္ဂိုလ်ဖြစ်စေ၊ အသင်းအဖွဲ့ဖြစ်စေ စီးပွားရေးလုပ်ငန်းစု ဖြစ်စေ၊ လိပ်စာ၊ အမည် စသည့် အချက်အလက်များကို သိလိုပါက လမ်းညွှန်ရည်ညွှန်းစာအုပ်များကို အားထားရပါမည်။ လမ်းညွှန်သည် အောက်ပါအချက်များကို ဖြေကြားရန် ရည်ရွယ်ပါသည်။

၁။ ပုဂ္ဂိုလ်တစ်ဦး (သို့) အဖွဲ့တစ်ဖွဲ့၏ လိပ်စာ၊ ဖုန်းနံပါတ်

၂။ လူပုဂ္ဂိုလ်အဖွဲ့အစည်း၊ အဖွဲ့ခွဲ စသည်၏ အမည်အပြည့်အစုံ

၃။ ထုတ်လုပ်သူတစ်ဦး၏ ထုတ်လုပ် (သို့) လုပ်ငန်းဖော်ပြချက် အတိအကျ

၄။ ဌာနတစ်ခု၏ အကြီးအကဲ၊ ကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်၊ လုပ်ငန်း

လုံ့အလိုက်၊ လုပ်ငန်းအလိုက်၊ ပညာအရပ်အလိုက်၊ ကုန်ပစ္စည်းအလိုက် မျိုးစုံသလောက် လမ်းညွှန်လည်း မျိုးစုံရှိလေသည်။ သို့သော်လည်း လမ်းညွှန်များတစ်ခုနှင့်တစ်ခု နီးနွယ်လျက်ရှိသည်။ ဥပမာအားဖြင့် ဆရာဝန်တစ်ဦး၏ သတင်းအချက်အလက်သည် တယ်လီဖုန်းလမ်းညွှန်တွင် လည်းကောင်း၊ ဆရာဝန်လမ်းညွှန်တွင်လည်းကောင်း၊ ဆေးရုံ၊ ဆေးခန်းလမ်းညွှန်များတွင်လည်း ပါရှိနိုင်လေသည်။

လမ်းညွှန်ရည်ညွှန်းအမျိုးမျိုးကို ထုတ်ဝေလျက်ရှိကြသည်။ အမျိုးအစားကို အောက်ပါအတိုင်း အကြမ်းခွဲခြားနိုင်သည်။

**ဒေသတွင်လမ်းညွှန်**

အဓိကအားဖြင့် ၂ မျိုးရှိသည်။ တယ်လီဖုန်းလမ်းညွှန်နှင့် မြို့တော်လမ်းညွှန်ဟူ၍ ဖြစ်သည်။ ထို့ပြင် ဒေသတွင်းရှိ ကျောင်းများ၊ ဥယျာဉ်များ၊ ကုန်တိုက်များ၊ ကလေးဇာတ်ရုံများလည်း ပါဝင်သည်။

**အစိုးရဌာနဆိုင်ရာလမ်းညွှန်**

စာတိုက်နှင့် ကြေးနန်းလမ်းညွှန်၊ တိုင်းနှင့်ပြည်နယ် အစိုးရဌာနများ စသည်များ

**သင်ကြားရေးဆိုင်ရာ လမ်းညွှန်**

တက္ကသိုလ်ကောလိပ်များ၊ စာကြည့်တိုက်၊ ဆေးရုံ၊ ပြတိုက်နှင့်အလားတူဌာနများ

**သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လမ်းညွှန်များ**

အဓိကအားဖြင့် သက်မွေးမှုအဖွဲ့အစည်းများဖြစ်သည့် ရှေ့နေ၊ ဆရာဝန်၊ စာကြည့်တိုက်မှူး လမ်းညွှန်များ

**ကုန်သွယ်နှင့်လုပ်ငန်းလမ်းညွှန်များ**

အဓိကထုတ်သူများ၊ ကုမ္ပဏီများ၊ စက်ရုံများဆိုင်ရာ လမ်းညွှန်များ

အထက်ဖော်ပြပါ လမ်းညွှန်များကို ထုတ်ဝေကြရာတွင် ထူးခြားချက်မှာ ကြော်ငြာများ အများအပြား ပါဝင်ခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် Yellow Pages ကဲ့သို့သော လမ်းညွှန်များကိုကြည့်ပါက ကြော်ငြာ အများအပြားပါဝင်သည်ကို တွေ့ရပါမည်။ ထိုကြော်ငြာများကလည်း လမ်းညွှန်အချက်အလက်များကို ရပြန်ပါသည်။

လမ်းညွှန်အမည်ဖြင့် ထုတ်ဝေသော ရည်ညွှန်းများသာမက စွယ်စုံကျမ်း၊ ဂေဇက်တီးယား၊ မြေပုံ၊ ခရီးသွားလမ်းညွှန်၊ အတ္တုပ္ပတ္တိအဘိဓာန်တို့ကလည်း လမ်းညွှန်ရည်ညွှန်းပါ အချက်အလက်များကို ရှာတွေ့နိုင်သည်။

**ကမ္ဘာ့ထင်ရှားသော လမ်းညွှန်များ**

- Guide to American Directories
- Current British Directories
- International Bibliography of Directories

**မြန်မာနိုင်ငံတွင်**

- Mandalay Guide
- Yangon Guide
- Mryouk U Guide စသည်များ

## စာအုပ်

- စာရွက်များကို စုစည်းတွဲချုပ်ထား၍ စက္ကူအမာအဖုံးဖြင့် ဖုံးအုပ်ထားသည်။
- အဖုံးပေါ်တွင် နှစ်သက်ရာ ဒီဇိုင်းကို ရေးဆွဲထားသည်။
- စာရေးသူအမည်၊ စာအုပ်အမည်တို့ကို ထင်ရှားစွာ ရိုက်နှိပ်ဖော်ပြထားသည်။
- စာအုပ်အနှောင့် (Spine) တွင်လည်း စာအုပ်အမည် စာရေးသူအမည်နှင့် ထုတ်ဝေသူ၊ အမှတ်အသားတံဆိပ်တို့ကို ဖော်ပြထားရှိသည်။
- အခန့်ထုတ်ဝေသော စာအုပ်များတွင် စာအုပ်အဖုံး (Jacket) ဖြင့် ဖုံးအုပ်၍ ကြွေစက္ကူကို စာအုပ်မျက်နှာဖုံးအတွင်းဖက်နှင့် ကျောဖုံးအတွင်းဖက်တို့ကို ခေါက်ချိုး၍ ဖုံးထားသည်။
- စာအုပ်အတွင်းဖက်ဝင်နေသော ကြွေစက္ကူအပိုင်းကို (Blurb) ဟုခေါ်သည်။
- ယင်းကြွေစက္ကူအဖုံးပေါ်တွင် ဒီဇိုင်း၊ စာရေးသူနှင့် စာအုပ်အမည်တို့ကို ဖော်ပြထားသည်။
- စာအုပ်အဖုံးသည် အထိအခိုက် အစွန်းအထင်းခံနိုင်ရန်နှင့် ဒီဇိုင်းသည် ဆွဲဆောင်နိုင်ရန်ဖြစ်သည်။

**စာအုပ်တစ်အုပ်၏**

**အင်္ဂါရပ်များ**

| အကြိုစာမျက်နှာများ (The Preliminary Pages) | စာကိုယ် (The Text) | ဖြည့်စွက်ချက်များ (The auxiliary reference material) |
|---|---|---|

**အကြိုစာမျက်နှာများ**

-စာမျက်နှာမတပ်ရသေးသောအပိုင်း
- က၊ ခ၊ ဂ … တပ်ပေး (မြန်မာ)
- I, II, III, IV …. (အင်္ဂလိပ်)

(၁) စာအုပ်ရှေ့ဖုံး (The front cover)
- ဒီဇိုင်း၊ စာအုပ်အမည်
- ရှေ့ဖုံးအတွင်းပိုင်းတွင် စက္ကူပျော့ဖြင့် တစ်မျက်နှာလုံးကပ်ထား (end paper ဟုခေါ်)
- ယင်းစာမျက်နှာတွင် ဇယားများ၊ ဂရပ်များပါ
- end paper သည် စာအုပ်တောင့်တင်းခိုင်မာရန် အထောက်အကူပေး

(၂) စာအုပ်ရှေ့ဖုံးအတွင်း ခေါက် (The front cover blurb)
- Book Jacket ကို မျက်နှာဖုံးအတွင်းသို့ ခေါက်ချိုးထားသည့်အပိုင်း
- ကိုယ်ရေးအကျဉ်း
- ပညာအရည်အချင်း
- ပြုစုခဲ့သည့် စာအုပ်များ
- ဂုဏ်ပြုခံရမှုများ
- အခြားဆောင်ရွက်ချက်များကို ဖော်ပြထား

(၃) စာရွက်လွတ် (The Fly Leaf) end paper ပြီး စာရွက်လွတ်တစ်ရွက်ဖြင့် စတင်
- မည်သည့်စာမှမဖော်ပြ

(၄) စာအုပ်အမည် တစ်ဝက်ပါ စာမျက်နှာ (The Half-title page)
- စာစဉ်အမည်
- စာစဉ်အမှတ်

(၅) ရှေ့ပုံ (The front is piece)
- အရေးအကြီးဆုံးပုံ (စာအုပ်ပါအကြောင်းနှင့်ပတ်သက်)

(၆) စာအုပ်အမည် (အပြည့်အစုံ) စာမျက်နှာ (The (Full) title paper)
- စာအုပ်ပါအချက်အလက်များ ပြည့်စုံစွာဖော်ပြ

- စာအုပ်အမည်
- စာအုပ်အမည်တစ်ဝက်

**စာရေးသူအမည်** - နာမဝိသေသန၊ ရာထူးအဆင့်အတန်း၊ ပညာအရည်အချင်း
- တည်းဖြတ်သူ
- ပန်းချီဆရာ၊ ဘာသာပြန်သူ
- အမှာရေးသူ
- ထုတ်ဝေကြိမ်၊ ပုံနှိပ်မှတ်တမ်း (The imprint)
- စာအုပ်အမည်ပါ စာမျက်နှာ၏ ကျောဘက်မျက်နှာ (Verso) တွင် မူပိုင်နှစ် (Copy right date) ကိုပြသည် အမှတ်အသားနှင့်ပြ
- ထပ်မံပုံနှိပ်ကြိမ် Impression (မူလစာအုပ်အတိုင်း မပြောင်းလဲဘဲ ထပ်မံပုံနှိပ်ထုတ်ဝေခြင်း)
- Edition (မူလနှင့် ပုံသဏ္ဌာန်အဆင်အပြင်ကွဲ)
- Revised edition (စာသားပြောင်း)
- Enlarged (ချဲ့ထား)
- ISBN (International Standard Book Number) နိုင်ငံတကာ စာအုပ်အမှတ်
- ကတ်တလောက်နံပါတ်၊ ပညာရပ်ခေါင်းစဉ်များပါ။

(၇) ရည်ညွှန်းချက် (The dedication)
- မည်သူကို ရည်ညွှန်း၍ ပြုစုကြောင်းဖော်ပြ

(၈) နိဒါန်း (The perface, the fore word)
- ပြုစုရခြင်းအကြောင်း၊ အမှာစာ
- ကျေးဇူးတင်လွှာ
- စာအုပ်စီစဉ်ပုံ၊ အတိုကောက် အသုံးပြုပုံဖော်ပြ

(၉) မိတ်ဆက် (The Introduction)
- မိတ်ဆက် (ကိုယ်တိုင်၊ တိုက်တွန်းသူပညာရှင်)

(၁၀) မာတိကာ (The Content)

- စာကိုယ်ပါ အစီအစဉ်
- အခန်းများခွဲ၍ စာမျက်နှာများနှင့် တွဲဖော်ပြ

(၁၁) ရုပ်ပုံစာရင်း (The Lists of illustrative material)

- ရုပ်ပုံ
- ဇယား
- မြေပုံ
- စာရင်း

**စာကိုယ်**

- စာအုပ်၏ အဓိကအပိုင်း

**ဖြည့်စွက်ချက်များ**

- စာကိုယ်ဆုံးသည်နှင့်

(၁) နောက်ဆက်တွဲ (Appendix) (ကြွင်းကျန်သည့် အကြောင်းအရာ

(၂) ကျမ်းကိုးစာရင်း (bibliography)

ဆက်ဖတ်ရန် ကျမ်းညွှန်း (further rading)

(၃) ခက်ဆစ် (Glossary)

- ပညာရပ်အခေါ်
- ဘာသာခြားစကားလုံးများ အက္ခရာစဉ်ဖော်ပြ

(၄) မှတ်စု (Notes)

အောက်ခြေမှတ်စု (foot-notes) ပေးရန်နေရာမပေးနိုင်၍ အဖြည့်စာမျက်နှာတွင် အမှတ်စဉ်ထိုး၍ဖော်ပြ။

(၅) အညွှန်း (Index)

- စာကိုယ်ပါအကြောင်းအရာများကို အက္ခရာစဉ်၍ စာမျက်နှာနှင့် ယှဉ်တွဲဖော်ပြ။

(၆) စာအုပ်ကျောဖုံးအတွင်းခေါက် (The back cover blurb)

- အဖုံးအတွင်းခေါက်အပိုင်းတွင် စာအုပ်ပါ ပညာရပ်အပိုင်းကို အကျဉ်းဖော်ပြ။
- Book Jacket ကိုဖြုတ်၊ ရှေ့ဖုံးအတွင်းခေါက်နှင့် နောက်ဖုံးအတွင်းခေါက်ဖြတ်၊
- ရှေ့/နောက်ဖုံးအတွင်း ပြန်ကပ်
- အဖုံးကို ကြော်ငြာတွင်ကပ်

**အတ္ထုပ္ပတ္တိအဘိဓာန်**
**(Biographical Dictionaries)**
(ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ဘဝဖြစ်စဉ်အကျဉ်းချုပ်)
အမည် - အက္ခရာစဉ်

| သက်ရှိပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအဘိဓာန် | ကွယ်လွန်ပြီးသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအဘိဓာန် |
|---|---|
| **Who's Who** | **Who Was Who** |

(၁) အပြည်ပြည်ဆိုင်ရာ လူမျိုးပေါင်းစုံမှ ကျော်ကြားသော ပုဂ္ဂိုလ်များ
eg-International Who's Who

(၂) နိုင်ငံတစ်နိုင်ငံ/လူမျိုးတစ်မျိုး (သို့) ဒေသတစ်ခုနှင့်ဆိုင်သော ပုဂ္ဂိုလ်များ
eg-Who's Who in Germany

(၃) လုပ်ငန်းအလိုက်၊ ပညာရပ်အလိုက် ကျော်ကြားသော ပုဂ္ဂိုလ်များ
e.g - Biographycal Dictionary of American Education
- Dictionary of Scientific Biography

* အမျိုးသားအတ္ထုပ္ပတ္တိအဘိဓာန် (Dictionary of National Biography -၁၉ရာစုအပေါ် လက်စလီစတီဗင် (Leslie Stephen တည်းဖြတ် (Dictionary of National Biography) (1885-1901) အတွင်း၊ အတွဲပေါင်း ၂၂ တွဲ)

**ရေးဟန်**

- အရေးအသား အဆင်တန်ဆာမပါ
- အဖွဲ့အနွဲ့မရှိ
- ဝါကျတိုကလေးများသုံး၍ လိုတိုရှင်းရေး
- အတ္ထုပ္ပတ္တိရှင်၏
- ရာထူး၊ ဌာန၊ အလုပ်အကိုင်
- စွမ်းဆောင်ချက်
- အိမ်ထောင်ဖက်
- ပါဝင်သော အသင်းအဖွဲ့အစည်း

- မွေးနေ့၊ ဇာတိရပ်မြေ၊ မိဘအမည်၊
  ပညာသင်ခဲ့သောကျောင်း၊ ပညာအရည်အချင်း
- သားသမီးများနှင့် နေရပ်လိပ်စာတို့ကိုဖော်ပြ

အျူပွတ္တိ (ပါ) — အတ္ထုပ္ပတ္တိ (န) အတ္ထုပ္ပတ် — ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ဘဝဖြစ်စဉ် (ဘဝ + စရိုက်ဖော်ပြသော စာ)

အတ္ထုပ္ပတ္တိ (န)
အတ္ထုပ္ပတ်

- ကမ္ဘာ့အတ္ထုပ္ပတ္တိ စာပေသမိုင်း
- မြန်မာအတ္ထုပ္ပတ္တိစာပေသမိုင်း

သူတော်စင်တို့၏အတ္ထုပ္ပတ္တိနှင့်ဘုရင် (Hagiography)
အင်္ဂလိပ်စာပေ - စိန့် (saint) ခေါ်သည်
သူတော်စင်တို့၏ အတ္ထုပ္ပတ္တိ
- သမ္မာကျမ်းစာ

ဘုရင်/ရဟန်းတော် (ထေရုပ္ပတ္တိ)
ပုဂံခေတ် -မြင်းကပါဂူပြောက်ကြီး
ကျောက်စာ၊ ရာဇကုမာရကျောက်စာ
(မြစေတီကျောက်စာ)
ပါဠိစာပေလာ - ထေရီအပါဒါန်
(ရဟန်း အမ)
ထေရာအပါဒါန် (ရဟန်း)

## အတ္ထုပ္ပတ္တိအမျိုးအစား
## Biography

- **ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ**
  - ပီမိုးနင်း၏ ပီမိုးနင်း
  - မဟာဆွေ၏ မဟာဆွေ
- **သူတစ်ပါးရေး အတ္ထုပ္ပတ္တိ**
  - ဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာသည်များ
- **ကိုယ်တွေ့မှတ်တမ်းနှင့် နေ့စဉ်မှတ်တမ်း**
  - သခင်တင်မြ၏ ဘုံဘဝမှာဖြင့်
  - သိပ္ပံမောင်ဝ၏ စစ်အတွင်းနေ့စဉ်မှတ်တမ်း
- **စာပေါင်းချုပ် Collective Biography**
  - Keats Letter
  - ဇော်ဂျီ၏စာပေါင်းချုပ်
  - ဇေယျ၏ စာပေါင်းချုပ်
  - လယ်တီပဏ္ဍိတဦးမောင်ကြီး၏ စာပေါင်းချုပ်

## အတ္ထုပ္ပတ္တိအဘိဓာန်

**နိဒါန်း**

- အဋ္ဌုပ္ပတ္တိ (ပါဠိ)အကြောင်းအရာ၏ဖြစ်ခြင်း
- မြန်မာစာပေ၌ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝဖြစ်ရပ်ကို ရေးသားတင်ပြသည့် စာပေအမျိုးအစားကိုကို အတ္ထုပ္ပတ္တိဟူ၍ လည်းကောင်း၊ အတ္ထုပ္ပတ်ဟူ၍လည်းကောင်း ယေဘုယျ ခေါ်ဆိုကြပါသည်။ (တစ်နည်းအားဖြင့်) လူတစ်ယောက်၏ ဘဝနှင့်စရိုက်ကို ဖော်ပြသည့် စာမျိုးဖြစ်သည်။

**နောက်ခံသမိုင်း**

- ကမ္ဘာ့စာပေသမိုင်းအကြောင်းကို လေ့လာကြည့်လျှင် ယေဘုယျအားဖြင့် နိုင်ငံတိုင်းလိုလို၏ အတ္ထုပ္ပတ္တိစာပေသည် သူတော်စင်တို့၏ အတ္ထုပ္ပတ္တိ (Hagiography) နှင့် ဘုရင်အတ္ထုပ္ပတ္တိတို့မှ စတင်ကြောင်း သိရှိရပါသည်။
- အင်္ဂလိပ်စာပေ၏ ဦးဆုံးအတ္ထုပ္ပတ္တိမှာ ယေဘုယျအားဖြင့် စိန့် (Saint) ခေါ်သည့် သူတော်စင်တို့၏ အတ္ထုပ္ပတ္တိများသာဖြစ်ကြောင်း တွေ့ရှိရပါသည်။
- မြန်မာတို့၏ အတ္ထုပ္ပတ္တိစာပေသည်လည်း ဘုရင်တို့၏ အတ္ထုပ္ပတ္တိနှင့် ရဟန်းတော်တို့၏ ထေရုပ္ပတ္တိများမှ အစပြုလာကြောင်း တွေ့ရသည်။
- ပုဂံခေတ် မြင်းကပါဂူပျောက်ကြီးဘုရားကျောက်စာ၊ ရာဇကုမာရန်ကျောက်စာ (မြစေတီကျောက်စာ) တို့သည် မြန်မာနိုင်ငံ၏အစောဆုံး အတ္ထုပ္ပတ္တိများအဖြစ် မှတ်ယူနိုင်ပါသည်။
- ပါဠိစာပေလာ ရဟန်းထေရာအပါဒါန်၊ ရဟန်းမ ထေရီအပါဒါန်မျိုးတွင်လည်း တွေ့ရှိနိုင်သည်။
- အနောက်တိုင်းဘက်၌ မှုကား သမ္မာကျမ်းစာမျိုးတွင် တွေ့နိုင်ပါသည်။
- ထင်ရှားကျော်ကြားသော လူပုဂ္ဂိုလ်များကို လူအများစုက စိတ်ဝင်စားကြပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်အလိုက်ထူးချွန်သူများ၊ ထင်ပေါ်ကျော်ကြားသူများ၏ ဘဝကိုရုန်းကန်ခဲ့ရပုံ၊ ကြီးပွားတိုးတက်လာရပုံတို့သည် သာမန်လူတို့ဘဝထက် စိတ်ဝင်စားဖွယ်ရာပင် ဖြစ်သည်ကို တွေ့ရှိရပါသည်။ ၄င်းတို့လုပ်ရပ်များ အောင်မြင်မှုများကို အားကျခြင်း၊ နမူနာယူလိုခြင်းတို့ကြောင့်၊ အတ္ထုပ္ပတ္တိစာအုပ် အမြောက်အမြား ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## အတ္ထုပ္ပတ္တိအဘိဓာန်
## (Biographical Dictionaries)

အတ္ထုပ္ပတ္တိသည် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့၏ဘဝဖြစ်စဉ် အကျဉ်းချုပ်ကို အမည်အက္ခရာစဉ်အလိုက် ဖော်ပြသော အရေးကြီးသည့် ရည်ညွှန်းစာအုပ်တစ်မျိုး ဖြစ်သည်။

အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များသည် ရည်ညွှန်းလုပ်ငန်းတွင် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။

(၁) သက်ရှိပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအဘိဓာန် (Who's who)နှင့်
(၂) ကွယ်လွန်ပြီးသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိအဘိဓာန် (Who Was Who)

**အဘိဓာန်များကို အဓိကအားဖြင့်**

(၁) အက္ခရာဝလီစီထားသော အတ္ထုပ္ပတ္တိအဘိဓာန်

(၂) နှစ်စဉ်ထုတ်အတ္ထုပ္ပတ္တိ

(၃) သက္ကရာဇ်စဉ်ထားသော အတ္ထုပ္ပတ္တိပေါင်းချုပ်ဟူ၍ တွေ့ရှိနိုင်သည်။

ထိုနှစ်မျိုးကိုထပ်မံ၍ အောက်ပါအတိုင်း ခွဲခြားနိုင်သည်။

(၁) အပြည်ပြည်ဆိုင်ရာ လူမျိုးပေါင်းစုံမှ ကျော်ကြားသော ပုဂ္ဂိုလ်များအကြောင်း ဖော်ပြသည့် အဘိဓာန်
ဥပမာ - International who's who

(၂) နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး (သို့) ဒေသတစ်ခုနှင့်သာသက်ဆိုင်သော ပုဂ္ဂိုလ်ကျော်များအကြောင်း ဖော်ပြသည့် အတ္ထုပ္ပတ္တိအဘိဓာန် (National/regional biographical Dictionary)
ဥပမာ- Who's who in Germany

(၃) လုပ်ငန်းအလိုက် ကျော်ကြားသောပုဂ္ဂိုလ်များအကြောင်း ဖော်ပြသည့် အတ္ထုပ္ပတ္တိအဘိဓာန် (Professional / occupational biographical dictionary)
ဥပမာ - Biographical Dictionary of American Education
Dictionary of Scientific Biography

- အမျိုးသားအတ္ထုပ္ပတ္တိအဘိဓာန် (Dictionary of National Biography) များသည် ဥရောပနိုင်ငံများတွင် ၁၉ ရာစုနှစ်မှစတင်၍ ပေါ်ပေါက်လာခဲ့သည်။ အတွဲပေါင်းမြောက်မြားစွာ ထုတ်ဝေလျက်ရှိသည်။
- လက်စလီစတီဖင် (Leslie Stephen) တည်းဖြတ်သည့် အမျိုးသားအတ္ထုပ္ပတ္တိအဘိဓာန်မှာ အကျော်ကြားဆုံးဖြစ်သည်။
- ၁၈၈၅ ခုနှစ်မှ ၁၉၀၁ ခုနှစ်အတွင်း အတွဲပေါင်း ၂၂ တွဲနှင့် ပြုစုထုတ်ဝေပြီးသည့်

ဗြိတိသျှအမျိုးသား အတ္ထုပ္ပတ္တိအဘိဓာန် (Dictionary of National Biography) ဖြစ်သည်။

- ၁၉၀၁ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ထပ်ဖြည့်အတွဲများ ပြုစုထုတ်ဝေခဲ့ပါသည်။

ရည်ညွှန်းလုပ်ငန်းတွင် အတ္ထုပ္ပတ္တိများဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ မေးခွန်း (၂)မျိုးမေးနိုင်သည်။

(၁) Data Type
(၂) Essay Type

## Data Type

မေးခွန်းမျိုးမှာ အမြန်သုံးရည်ညွှန်း စာအုပ်မျိုးကိုအသုံးပြု၍ ဖြေကြားရပါသည်။ ဥပမာ လူ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လိပ်စာ၊ ဖုန်းနံပါတ်၊ အမည်စာလုံးပေါင်း အသက်၊ သေဆုံးသည့်ရက်စွဲစသည်တို့သည် Data Type မေးခွန်းများဖြစ်သည်။

ကျန်မေးခွန်းများအတွက် လူသိများသော ရည်ညွှန်းစာအုပ်တစ်မျိုးဖြစ်သည့် Who's who directory, Biographical dictionary စာအုပ်များတွင် တွေ့နိုင်ပါသည်။

## Essay Type

မေးခွန်းမျိုးသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ဘဝတစ်စိတ်တစ်ပိုင်း (သို့) ပြည့်ပြည့်စုံစုံကို သိလို၍ မေးမြန်းခြင်းမျိုးဖြစ်သည်။

ယင်းမေးခွန်းမျိုးကို မေးသူသည် စာတမ်းတစ်စောင် Paper (သို့မဟုတ်) မိန့်ခွန်းပြောရန်စသည်ဖြင့် ပြင်ဆင်နေသူဖြစ်ပါသည်။ ထို့ကြောင့် ယင်းတို့ကိုဖြေကြားရန် Data Type Who's who နှင့် မလုံလောက်တော့ပါ။ Current Biography မှ Dictionary of National Biography အထိ အချက်အလက်များကို ရှာဖွေရန် လိုမည်ဖြစ်သည်။

အတ္ထုပ္ပတ္တိဆိုင်ရာ မေးခွန်းများအတွက် ရည်ညွှန်းစာကြည့်တိုက်မှူးသည် အထက်ပါအတိုင်း အမျိုးအစား ခွဲခြားဆုံးဖြတ်ပြီးသောအခါ အောက်ပါအတိုင်း သတိပြုရန် အထူးလိုအပ်ပါသည်။

ယင်းတို့မှာ-

(၁) အတ္ထုပ္ပတ္တိရှင်သည် သက်ရှိလား၊ သေဆုံးပြီလား၊
(၂) အတ္ထုပ္ပတ္တိဆိုင်ရာ စာအုပ်များတွင် ပါဝင်နိုင်သော အခြေအနေ ရှိမရှိ၊
(၃) အသက်ရှင်လျက်ရှိသေးလျှင် ထင်ရှားသူတစ်ယောက် ဖြစ်ခဲ့သလား။
(၄) သေဆုံးပြီးလျှင် နောက်ကြောင်းပြန်အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက် (Retrospective biographical sources) စာအုပ်များတွင် ပါဝင်ထည့်သွင်းရအောင် အရေးပါသော ပုဂ္ဂိုလ်တစ်ဦးလား စသည့်အချက်များကို သိရှိအောင် ဦးစွာကြိုးစားရမည် ဖြစ်သည်။

အတ္ထုပ္ပတ္တိဆိုင်ရာ ရည်ညွှန်းစာအုပ်စာတမ်းများသာမက အောက်ပါရည်ညွှန်းစာအုပ်မှလည်း အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များကို ရရှိနိုင်သည်။

Encyclopaedia စွယ်စုံကျမ်းများတွင် သေဆုံးပြီးထင်ရှားသူတို့၏ အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များ ပါရှိပါသည်။

Encyclopaedia Year Book များတွင် Current ပုဂ္ဂိုလ်များဆိုင်ရာ အချက်အလက်များ ပါသည်။

Periodical and newspaper Indexes စာနယ်ဇင်းအညွှန်းများတွင် ပညာရပ်အလိုက် လူအမည်များကို အက္ခရာစီ၍ ပါရှိတတ်ပါသည်။

Almanacs များတွင်လည်း အတ္ထုပ္ပတ္တိဆိုင်ရာတို့ကို ပညာရပ်အလိုက် ထည့်သွင်းဖော်ပြလေ့ရှိသည်။

ဥပမာ - Actors, Sports etc-

စွယ်စုံကျမ်းအညွှန်းများပါ အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များနှင့် ကွာခြားချက်များမှာ Almanacs များတွင်ပါသော အချက်အလက် Data Type များဖြစ်ပြီး၊ စာလုံးပေါင်း၊ လိပ်စာတို့ကို တိုက်ဆိုင်စစ်ဆေးရန်အတွက်သာ အသုံးဝင်နိုင်ပါသည်။

Dictionary အဘိဓာန်များတွင် စာကိုယ်မှာဖြစ်စေ၊ နောက်ဆက်တွဲမှာဖြစ်စေ Data Type အတ္ထုပ္ပတ္တိဆိုင်ရာ အချက်အလက်များကို အကျဉ်းဆုံးဖြစ်အောင်ချုံ၍ (Brifest information) ဖော်ပြတတ်ပါသည်။

Directories မြို့ရွာလမ်းညွှန်များ၊ ဖုန်းလမ်းညွှန်များတွင်လည်း၊ သက်ဆိုင်ရာ အတ္ထုပ္ပတ္တိရှင်တို့၏ စာလုံးပေါင်း၊ လိပ်စာ၊ ဘွဲ့အမည်တို့ကို တိုက်ဆိုင်စစ်ဆေးနိုင်ပါသည်။

# စာဆိုတော်များ အတ္ထုပ္ပတ္တိ (အတ္ထုပ္ပတ္တိအဘိဓာန်အဖြစ်ထင်ရှား)

မောင်သုတ (ဗိုလ်မှူးဘသောင်း)၏ မဟာဝိဇ္ဇာဘွဲ့ (၁၉၅၇)တင်သွင်းကျမ်း
(၃၄ ဦးအနက် ထူးချွန်စွာအောင်မြင်၍ "ဒေါ်စာအုး"ရွှေတံဆိပ်ချီးမြှင့်ခံရ)

ပထမအကြိမ် (၁၉၆၂)

- ရှမဝစာအုပ်တိုက်မှထုတ်
- ဦးဖေမောင်တင် နိဒါန်းရေး
- ပုဂံခေတ်စာဆို အနန္တသူရိယမှ မျက်မှောက်ခေတ် ဂျာနယ်ကျော် ဦးချစ်မောင်အထိ ၁၆၃ ဦး၏ အတ္ထုပ္ပတ္တိပါဝင်သည်။
- မွေးသေစာရင်းပါဝင်
- လူသိအများဆုံးအမည် အသုံးပြု
- အမည်များကို အ မှ ဟ အထိ အက္ခရာစဉ်၍ နောက်ဆက်တွဲဖော်ပြသောကြောင့် စနစ်ကျသောရည်ညွှန်းစာအုပ် အင်္ဂါရပ်နှင့်ပြည့်စုံ
- အနုပညာစာပေဆိုင်ရာ စာပဒေသာဆု ချီးမြှင့်ခံရ

ဒုတိယအကြိမ် (၁၉၆၆)

- ဟံသာဝတီစာအုပ်တိုက်မှထုတ်
- ပထမအကြိမ်တွင် လက်ဝဲသုန္ဒရဘွဲ့ခံ လက်ဝဲနော်ရထာ (၁၀၈၅-၁၁၅၃)နှင့် မန်ကျည်းတံဇာတိ မဲဇာတောင်ခြေရတုရေးသူ လက်ဝဲသုန္ဒရ (၁၀၈၅-၁၁၃၁ ခန့်)ကို ရောထွေး၍ တစ်ဦးတည်းပြထားသည်။
- ဒုတိယအကြိမ်တွင် ခွဲခြားဖော်ပြထားသည်။
- ထို့ပြင် မုန်တိုင်ပင်ဆရာတော် (၁၁၃၆-၁၁၉၇)ကို ဖြည့်စွက်ထားရာ စာဆို ၁၆၅ ဦးပါဝင်။

တတိယအကြိမ် (၁၉၆၈)

- ဇွဲစာပေမှထုတ်
- စာရေးသူကွယ်လွန် (၁၉၁၄-၁၉၆၈)

- တပည့်ဖြစ်သူ မေမြို့မိုးကြည်က ထပ်မံဖြည့်စွက်၍ စာဆို ၁၆၈ ဦးပါဝင်။
- ဖြည့်စွက်သူ ၃ ဦးမှာ သခင်ကိုယ်တော်မှိုင်း (၁၂၃၇-၁၃၂၅)၊ ရွှေပြည်ဦးဘတင် (၁၂၅၆-၁၃၂၈)၊ သူရိယ ဦးသိမ်းမောင် (၁၂၆၀-၁၃၂၈)။

**စတုတ္ထအကြိမ်** (၁၉၇၁)

- ဇွဲစာပေမှထုတ်
- ဦးဖိုးလတ် (၁၂၅၈-၁၃၂၇)
- ဦးဉာဏ (၁၂၆၄-၁၃၃၁)
- ဦးမျိုးလွင် (၁၂၆၄-၁၃၃၂) ထပ်မံဖြည့်စွက်ခဲ့ရာ စာဆို ၁၇၁ ဦးပါဝင်။

**ပဥ္စမအကြိမ်** (၂၀၀၂)

- ရာပြည့်စာအုပ်တိုက်မှထုတ်
- မောင်ခင်မောင် (ဓနုဖြူ)က စာရေးဆရာပေါင်း ၂၉ ဦးထပ်မံဖြည့်စွက်
- နှောင်းခေတ်စာဆို ၆၈ ဦး၏ ဓာတ်ပုံများကို ထည့်သွင်း
- စာဆိုပေါင်း ၂၀၀ ပါဝင်
- ရေးဟန်သည် မူလကျမ်းပြုသူ၏ ရေးဟန်နှင့် တစ်သားတည်းဖြစ်နေ

* ပထမအကြိမ်ထုတ်ဝေခဲ့စဉ်ကပင် အမေရိကန်လူမျိုး ခရစ်ယာန်သာသနာပြု ဆရာယုဒန် (၁၁၅၀-၁၂၁၂) Dr. Adoniram Judson ကို မြန်မာစာဆိုတော်များ အတ္ထုပ္ပတ္တိတွင် ထည့်သွင်းထားသည်မှာ စဉ်းစားဖွယ်ရာပင်။

# ထင်ရှားသော အတ္ထုပ္ပတ္တိအဘိဓာန်ကြီးများ

အမေရိကန်

- Who's Who in America (1899) (ကာယကံရှင်ကရေးပေး)
- Who was Who in America (1970)
- Dictionary of American Bio. (DAB) 1958 (1928-37)
- National Encyclopaedia of A/Bib. (1892)

ဗြိတိသျှ

- Who's who သည် Who's who များ၏ ဘိုးဘိုး
- ၂ သောင်းကျော်ပါ (သက်ရှိ)
- အချက်အလက် ကာယကံရှင်ကိုယ်တိုင် ရေးပေး
- Who was Who ၁၇၅၀၀ ခန့် (ကွယ်လွန်) DNB အမည်ဖြင့်ထုတ် အစီအစဉ်မှာ အမေရိကန်နှင့်တူ။

နိုင်ငံတကာ

- International who's who Chamber's Bibcal Dictionary, Webster's Bibcal dictionary Mc Graw-Hill Encyclopaedia of World Bib (EWB) ဒေါက်တာ ဘမော်၊ ဦးနု၊ ဦးနေဝင်းတို့ အတ္ထုပ္ပတ္တိပါဝင်/ပြုစုသူ Richard Butwell ။

မြန်မာ

- ၂ အုပ်ပဲရှိ
  Who's Who in India, Burma and Ceyleon (1938)
  Who's Who in Burma (1927)
  လွတ်လပ်ရေးရပြီးနောက် ၁၉၆၁ တွင် Who's who in Burma
- History of the services of the Gazetted Officer
  (မြန်မာနိုင်ငံ ပြန်တမ်းဝင်အရာရှိကြီးငယ်များ၏ အတ္ထုပ္ပတ္တိအဘိဓာန်ဟုဆိုနိုင် လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံပြန်တမ်းဝင်အရာရှိ အမှုထမ်းများ ရာဇဝင်မှတ်တမ်း) (၁၉၆၂)

# မြေပုံစာအုပ်

(Altases) မြေပုံများကို စုပေါင်း၍ စာအုပ်ထုတ်

မြေပုံ (Map) - ပြန့်ပြူးသော မျက်နှာပြင်ပေါ်တွင် မျဉ်းဖြင့်ဖော်ပြပုံ ပထဝီဆိုင်ရာ ရည်ညွှန်းစာအုပ်များ ဖြစ်သည်။

## Maps & Atlases

- BC 2300 ခန့် ဘေဘီလိုးနီးယားစတွေ့ (Babylonian)
- အဆီးရီးယားဘုရင် Ashurbanipal (BC 668-626) ၏ စာကြည့်တိုက်တွင် ဘေဘီလိုနှင့် အဆီးရီးယား ဇာစ်လျှောက် ခရီးသွားမှတ်တမ်းများကို ရွှံ့ပြားများတွင် ကူးယူ၊ ဘာသာပြန်၍ မှတ်တမ်းတင်ထားရှိ။
- ဂရိခေတ်တွင်လည်း တိုလမီ (BC 305-283) ပထဝီဝင်ကျမ်းများ၊ မြေပုံများကို ပြုစုခဲ့။
- မြေပုံစာအုပ်သည် ဂေဇက်တီးယား၏ အညွှန်းပင်ဖြစ်သည်။

## Gazetteers

- ပထဝီဝင်အဘိဓာန်
- တိုက်၊ နိုင်ငံ၊ ပြည်နယ်၊ တိုင်း၊ မြို့၊ မြစ်၊ ကန်၊ တောတောင်၊ သဲကန္တာရ၊ ပင်လယ်၊ သမုဒ္ဒရာ၊ ကျွန်းအစရှိသည်တို့၏ အမည်များကို အဘိဓာန်ပုံစံဖြင့် အက္ခရာဝလိစဉ်ထားပြီး သက်ဆိုင်ရာခေါင်းစဉ်အောက်တွင် လိုရင်းတိုရှင်းဖော်ပြထားသည်။
- မြို့ကြီး၊ မြို့ငယ်၊ တောတောင်တို့၏ လတ္တီကျူ၊ လောင်ဂျီကျူနှင့် အမည်စာလုံးပေါင်း သတ်ပုံ၊ အသံထွက်၊ လူဦးရေဖော်ပြ။
- စီးပွားရေး၊ ကုန်သွယ်ရေး စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သယံဇာတပစ္စည်း။
- မြေအောက်ဥမင်လှိုင်ခေါင်း နံမည်ကျော်တံတားကြီးများ မီးရထားလမ်းကြီးများ၊ ပထဝီနှင့် ဆက်နွယ်နေသည့် သမိုင်းဆိုင်ရာ အရေးကြီးသည့်မြို့များ၊ သင်္ဘောဆိပ်ကြီးများကိုလည်း ထည့်သွင်းဖော်ပြ။

## Guide Book

- ခရီးသွားလမ်းညွှန်

- ပြည်တွင်းပြည်ပ ခရီးများ လေ့လာလိုသူများအတွက် ထုတ်။
- ဘယ်အရပ်တွင်သာ တွေ့ရှိသည်၊ ဘာလိုချင်လျှင် ဘယ်မှာရနိုင်သည်ဟု အမြန်ညွှန်းသော စာအုပ်ဖြစ်သည်။
- အရှေ့တောင်အာရှ ရွှေလမ်းပြ
- ပုဂံလမ်းပြ။

# The Times Atlas of The World

**အပိုင်း (၁)**

- စာမျက်နှာ ၄၀ ပါ
- ကမ္ဘာအရပ်ရပ်ရှိ သယံဇာတပစ္စည်းများ၊ ဘူမိဗေဒနှင့် ငလျင်မြေပုံများ။
- ဒေသအလိုက် ရာသီဥတုနှင့် အပူချိန်ပြမြေပုံများ
- မိုးရွာသွန်းမှု၊ လေတိုက်နှုန်း ဖိအားပြမြေပုံများ
- သမုဒ္ဒရာရေစီးကြောင်းများ
- အပင်လောကမြေပုံ
- လူမှုရေးပထဝီဝင်ဆိုင်ရာ မြေပုံများ
- လူဦးရေပြမြေပုံများ
- အစားအစာ၊ စွမ်းအင်ပြမြေပုံများ
- နက္ခမြေပုံများ

**အပိုင်း (၂)**

- အဓိကအစိတ်အပိုင်းဖြစ်
- နှစ်မျက်နှာဖြန့်၊ အရောင်ရှစ်ရောင်ပါမြေပုံ ၁၂၄ ရွက်ပါရှိ
- ကမ္ဘာကျော်အယ်ဒင်ဘာရာမြို့၏ ဘာသိုလိုမြူ မြေပုံကုမ္ပဏီက ရေးဆွဲပုံနှိပ်ထား
- မြေပုံများကို တိုက်ကြီး ၇ တိုက်အလိုက်လည်းကောင်း
- တိုင်းနိုင်ငံအလိုက်လည်းကောင်း ဖော်ပြ
- အရှေ့တောင်အာရှတိုက်အတွက် အချက်အလက်စုံလင်စွာ ဖော်ပြထား

- မြေပုံများကို ၁း ၂,၅၀၀,၀၀၀ စကေးအများစုပြပြီး
- ယူကေနိုင်ငံအတွက် ၁း၈၅၀,၀၀၀ စကေးဖြင့် အသေးစိတ်ထား။

အပိုင်း (၃)

- အမည်အညွှန်းဖြစ်သည်။
- မြို့၊ မြစ်၊ တောင်အစရှိသည့် ပထဝီဆိုင်ရာ အမည် ၂၁၀,၀၀၀ ကို အက္ခရာစဉ်အလိုက် ဖော်ပြ။
- တိုင်းနိုင်ငံအမည်ပေးပြီး မည်သည့်မြေပုံ၊ မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိနိုင်သည်ကို အတိအကျ ဖော်ပြပေးသောကြောင့် အဖိုးတန်သော ဂေဇက်တီးယားလည်း ဖြစ်သည်။
- မကြာခဏဆိုသလို လန်ဒန်မြို့တိုင်း သတင်းစာက အယ်ဒီရှင်အသစ်များ ပြင်ဆင်ထုတ်ဝေပေး။

## မြန်မာဂေဇက်တီးယားများ

(က) The British Burma (ဗြိတိသျှမြန်မာပြည် ဂေဇက်တီးယား) ကို ၁၈၈၀ ပြည့်နှစ်တွင် ပထမတွဲကိုလည်းကောင်း၊ ၁၈၇၉ ခုနှစ်တွင် ဒုတိယတွဲကိုလည်းကောင်း၊ ၂ တွဲထွက်ပေါ်လာခဲ့သည်။ ဒုတိယတွဲသည် ပထမတွဲသည် ပထမတွဲထက် တစ်နှစ်စော၍ ထွက်ခဲ့သည်။

၁၈၈၀ ပြည့်နှစ်ထွက်သော ပထမတွဲတွင် ဗြိတိသျှမြန်မာပြည် တစ်ခုလုံးအကြောင်းကို တည်နေရာ၊ မြေမျက်နှာသွင်ပြင်မှစ၍ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် ပြည့်စုံစွာ ဖော်ပြထားသည်။

၁၈၇၉ ခုနှစ်တွင် ထွက်သော ဒုတိယတွဲတွင် ဗြိတိသျှမြန်မာပြည်ရှိ မြို့ရွာကြီးငယ်၊ မြစ်ချောင်း အင်းအိုင်၊ တောင်အမည်များကို အေမှဇက်ထိ အက္ခရာဝလိစီ၍ တည်နေရာ၊ မြေမျက်နှာသွင်ပြင်၊ သမိုင်း၊ လူဦးရေ၊ မြို့ရွာနေလူတို့၏ အသက်မွေးဝမ်းကျောင်း၊ အလုပ်အကိုင်၊ အခွန်တော်စသည်တို့ကို ဖော်ပြသည်။

မြို့ရွာသည် သစ်တောကြိုးဝိုင်းနှင့် နီးလျှင်နီးကြောင်း၊ စာတိုက်၊ ဗိုလ်တဲ၊ ရဲစခန်းရှိလျှင်ရှိကြောင်း ဖော်ပြပါရှိသည်။ အောက်မြန်မာပြည်တွင် အမည်တူသော မြို့ရွာများကို ဖော်ပြထားသည်။ ဥပမာ ရေကျော်လေးရွာ၊ ရွာသစ်ရှစ်ရွာ၊ စစ်ပင်သုံးရွာရှိကြောင်း သိနိုင်သည်။

ဟသ်ာတစီရင်စုတွင် အလုံအမည်ဖြင့် ချောင်းရှိကြောင်း၊ မင်းဘူးချောင်း၊ မင်းဘူးရွာဟူ၍ရှိ

ကြောင်း တွေ့ရှိရသည်။ ကြံခင်းမြို့တွင် အလုံတိုက်နယ်ရှိကြောင်း သိရပါသည်။

ရန်ကုန်စီရင်စုအကြောင်း ဖော်ပြရာ၌ ၁၈၅၃ ခုနှစ်မှ ၁၈၇၈ ခုနှစ်အတွင်း ဆန်၊ စပါး၊ ဥယျာဉ်စိုက်ပျိုးမြေဧရိယာ၊ ၁၈၆၈ ခုနှစ်မှ ၁၈၇၈ ခုနှစ်အတွင်း မွေးမြူရေး ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ လှည်း၊ လှေ၊ ထွန်ဦးရေပြဇယားတို့လည်း ပါသည်။ ရန်ကုန်နှင့်မင်္ဂလာဒုံရှိ လူဦးရေမှအစ လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်ပါသည်။

(ခ) ၁၈၈၃ ခုနှစ်တွင် Major Douglas MacNeil (မေဂျာ ဒေါက်ကလပ် မက္ကနီး)သည် အိန္ဒိယစစ်ထောက်လှမ်းရေးဌာန၏ တာဝန်ပေးချက်အရ Report and Gazetteer of Burma, Native and British, in three parts ကို Simla (ဆင်းမလား)မြို့တွင် ပြုစုထုတ်ဝေခဲ့သည်။

ယင်းဂေဇက်တီးယားတွင် သရက်မြို့မှ မန္တလေးမြို့အထိ လမ်းခရီးတစ်လျှောက် မြို့ရွာများ၊ မြန်မာတို့၏ ကင်း၊ ကတုတ်၊ ခံတပ်အစီအရင်များ ခရီးလမ်းပေါက် လမ်းဝများကို ပုံကြမ်းများနှင့်တကွ လေ့လာမှတ်သား ပြုစုထားခြင်း ဖြစ်သည်။

မက္ကနီး၏ ဂေဇက်တီးယားတွင် အပိုင်းသုံးပိုင်းပါသည်။ အပိုင်း ၁ သည် မြန်မာမင်းပိုင်မြန်မာနိုင်ငံအကြောင်း၊ အပိုင်း ၂ သည် ဗြိတိသျှမြန်မာပြည်အကြောင်း၊ အပိုင်း ၃ သည် မြေပုံများ၊ စနစ်များ ပုံကြမ်းများဖြစ်သည်။

အပိုင်း ၁ တွင် အနော်ရထာမှ ဒုတိယအင်္ဂလိပ်မြန်မာစစ်ပြီးသည်အထိ သမိုင်းကြောင်း၊ မြန်မာဘုရင်အစိုးရ အုပ်ချုပ်ပုံ၊ အခွန်ကောက်ခံပုံ၊ မြန်မာစစ်အင်အား၊ ကုန်းတပ်ရေတပ်နှင့် ကာကွယ်ရေးအစီအရင်၊ ခံတပ်များ၊ ကတုတ်များအကြောင်းကို ဖော်ပြထားရှိသည်။ အထက်မြန်မာပြည်ရှိ မြို့ရွာကြီးငယ်၊ မြစ်ချောင်းအမည်တို့ကိုလည်း အေမှဇက်အထိ စီစဉ်ထားရှိသည်။

ဧရာဝတီမြစ်ရိုးတစ်လျှောက် မြန်မာတို့တည်ဆောက်ခဲ့သော မင်းလှခံတပ်၊ ငွေ့ချောင်း၊ ခံတပ်၊ အဝဆင်ကျုံးခံတပ်၊ စကိုင်း (အစေခံ)ခံတပ်နှင့် သပြေတန်းခံတပ်များအကြောင်း အပြည့်အစုံ ဖော်ပြထားသည်။ သပြေတန်းခံတပ်ကို Frindrischi (ဖရင်ဒရီချီ)က ဒီဇိုင်းဆွဲသည်။ အဝဆင်ကျုံးခံတပ်ကို ပြင်သစ်ပညာသင်ဆရာ ဗက်ရှန် (Vassion) ဆိုသူက ပုံစံထုတ်သည် ဆိုသည်မှအစ ခံတပ်သည် မည်မျှကျယ်သည်၊ အပေါက်မည်မျှရှိသည် မည်သည့်ဘက်က ရှိသည်၊ မည်မျှမြင့်သည်၊ မြစ်ကမ်းမှ ခြေလှမ်းမည်မျှ အကွာတွင်ရှိသည်၊ အစောင့်မည်မျှ ရှိသည်ဟု အသေးစိတ်ဖော်ပြထားသည်။

မှတ်တမ်းတွင် တိုင်းရင်းသားတို့ လေ့လာပေးချက်၊ သူ၏ မှတ်ချက်ဟု ခွဲခြားဖော်ပြထားသည်။ ထိုခံတပ်ကို မည်သို့ထိုးစစ်ဆင်မည်၊ မည်သည့်ဘက်မှ ဝင်ရောက်တိုက်ခိုက်ရမည်ဟုလည်း အစီအစဉ်

ပေးထားသည်ကို တွေ့ရှိရသည်။ မြန်မာဘုရင်ပိုင်၊ သင်္ဘောကြီးများအကြောင်းတွင်လည်း သင်္ဘောတို့၏ အလျား၊ အနံ၊ ရေစူး၊ ဝန်ချိန်၊ တပ်ဆင်ထားသော အမြောက်လုံးရေ၊ မြင်းကောင်ရေအား၊ ဆောက်လုပ်သူသည်တို့ကိုပါ အပြည့်အစုံဖော်ပြပါရှိသည်။

ဥပမာ

| စဉ် | သင်္ဘောအမည် | မြင်းကောင်ရေ | ရေစူး(ပေ) | အမြောက်လုံးရေ | ဝန်ချိန်(တန်) | ဆောက်လုပ်သူ | အလျား(ပေ) | အနံ(ပေ) |
|---|---|---|---|---|---|---|---|---|
| ၁။ | ဗန္ဓုလ (ရေရဟတ်စက်) | ၇၅ | ၆ | ၈-၉ ပေါင်ဒါ ၈-၁၂လက် | ၂၀၀ | မြန်မာတစ်ဦး | ၁၂၀ | ၂၁ |
| ၂။ | ရေနန်းယာဉ်ကျော် (သံကိုယ်ထည်) | မသိ | ၃-၅ | မရှိ | - | - | ၁၀၀ | ၂၁ |

**အပိုင်း ၂** သည် ဗြိတိသျှမြန်မာပြည်အကြောင်းကို အဖြစ်မှုသာ ဖော်ပြထားသည်ကို တွေ့ရသည်။

**အပိုင်း ၃** သည် ဂေဇက်တီးယားတစ်ခုလုံး၏ အဆီအနှစ်ဖြစ်သည်။ ဤအပိုင်းတွင်-

အင်္ဂလိပ်မြန်မာနယ်စပ်မှ မန္တလေးနေပြည်တော်အရောက် ဧရာဝတီမြစ်ပုံ
ပဌန်ဂိုရ်နှင့် ကူလီကုန်းအကြားရှိ နယ်မြေပုံ
မင်းလှမြို့ခံတပ်
စလေမြို့
မြင်းခြံမြို့ဆိပ်ကမ်း
အဝခံတပ်နှင့် မြို့ရိုးပုံ
စကိုင်းမြို့
အဝမြို့
သပြေတန်းခံတပ်ပုံ

၁၀။ အဝမြို့အနီး မြန်မာတို့၏ ရေကြောင်းပိတ်ဆို့ရေးအစီအရင်

၁၁။ ရွှေကျင်မှ မန္တလေးသို့ ခရီးလမ်းပုံကြမ်း

၁၂။ ဧရာဝတီမြစ်ကြောင်း ပိတ်ဆို့ ကာကွယ်ရေးအစီအရင်များ၊ စခန်းများ စသည်တို့ ပါရှိသည်ကို တွေ့ရပါသည်။

ဤစာအုပ်သည် လူသိနည်း၍ ရှားပါးလှသော ရည်ညွှန်းစာအုပ်ပင် ဖြစ်သည်။

(ဂ)　၁၉၀၀ ပြည့်နှစ်တွင် J.G Scott(ဂျေဂျီစကော့)နှင့် J.P Hardiman(ဂျေပီဟာဒ်ဒင်မန်)နှစ်ဦးသည် Gazetteer of Upper Burma and The Shan States, Part I, Vols 1,2 and Part II Vols 1 to 3 ဟူ၍ အထက်မြန်မာပြည်နှင့် ရှမ်းပြည်ဂေဇက်တီးယားကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ အပိုင်း ၁ အတွဲ ၁၊ ၂ နှင့် အပိုင်း ၂ အတွဲ ၁၊ ၂၊ ၃ ဟူ၍ ငါးတွဲရှိသည်။

ရတနာပုံခေတ်နှင့် ဗြိတိသျှခေတ်ဦး ၁၉၀၀ ပြည့်အထိကာလအတွက် အထက်မြန်မာပြည်အကြောင်း၊ ရှမ်းပြည်နယ်နှင့် ရှမ်းလူမျိုးများအကြောင်း ကချင်တောင်တန်းဒေသနှင့် ဂျင်းဖောတို့အကြောင်း၊ ချင်းတောင်တန်းဒေသနှင့် ချင်းမျိုးနွယ်စုများအကြောင်း ဖော်ပြထားသည်။

အပိုင်း ၁၊ အတွဲ ၂ တွင် မြန်မာဘုရင်များလက်ထက် နန်းဓလေ့များ၊ အသုံးအနှုန်း၊ ရာထူးဌာနအခေါ်အဝေါ်နှင့် ဘွဲ့ပေးပုံများကို ပြထားသည်။ အိမ်ရှေ့မင်းသား၊ မင်းသားကြီးများနှင့် ဝန်ကြီးလေးပါးတို့သာလျှင် တံခါးနီမှဝင်ရကြောင်း၊ ကျန်အရာရှိ ကြီးငယ်များသည် မလွယ်တံခါးမှဝင်ရထွက်ရကြောင်း၊ မိဖုရားငယ်နှင့် မင်းသမီးများသည် မှန်နန်းတော်ပေါက်အထိ ထီး၊ ဖိနပ်စီးခွင့်ရှိကြောင်းအစရှိသည်တို့ကို ဖော်ပြထားသည်။

ရတနာပုံခေတ် မင်းပရိသတ်နှင့် ဝန်ကြီးမှူးကြီးများ၊ ကတော်မယားများ ဝတ်စားဆင်ယင်ပုံကို ဖော်ပြထားသည်။ ဥပမာ ပလာပုဆိုး၊ ထဘီအဆင် ၃၇ မျိုး၊ အချိတ်မျိုး ၃၀၊ ပန်းစုံကိုက်၊ ပန်းဆင် စပ်ခေါ်သည့် အဆင်များနှင့် ကြိုးကြီးချိတ်၊ ရဲချိတ်၊ ဆောင်တော်ကူး၊ တောင်ထိပ်ပန်း၊ နှစ်ပွင့်ခိုင်ခေါ် အချိတ်များ၊ စောင်းတော်ပိုက်၊ လေးပွင့်ဆိုင်၊ တိမ်ခိုးဆင်၊ ဒေဝီဆင်း၊ ငွေပန်းဆင်၊ ပတ္တမြားဆင်၊ ဖူညိုဆင်၊ ရာသက်ပန်ခေါ် ပလာပုဆိုး ထဘီအဆင်များကို ဂဇေက်တီးယား အပိုင်း ၁၊ အတွဲ ၂ တွင် ဖော်ပြထားရှိပါသည်။

အပိုင်း ၂၊ အတွဲ ၁ မှ ၃ သည် အထက်မြန်မာပြည်တစ်ဝန်းလုံးရှိ မြို့ရွာမြစ်ချောင်းအမည်များကို အေမှ ဇက်ထိ စီစဉ်၍ ဖော်ပြထားပါသည်။

ဥပမာ

ကွမ်းရွာ －　ပခုက္ကူစီရင်စု၊ ပခုက္ကူဆပ်ဒီဗီဇံနယ်၊ ပခုက္ကူမြို့နယ်ရှိ ကွမ်းရွာတိုက်နယ်အဝင် ရွာငယ်။ ၁၈၉၁ ခု၊ သန်းခေါင်စာရင်းအရ လူဦးရေ ၄၉၁။ ၁၈၉၇-၉၈ ခုနှစ်အတွက် သဿမေဓ အခွန်တော် ကျပ် ၄၅၀ ထမ်းဆောင်သည်။

## မြန်မာဒိစတြိတ် ဂေဇက်တီးယားများ

၁၈၆၈ ခုနှစ်ထုတ် Malcomb B.S Lioyd ၏ Rangoon District Gazetteer (ရန်ကုန် စီရင်စု ဂေဇက်တီးယား)သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးစီရင်စု ဂေဇက်တီးယား ဖြစ်သည်။ ထိုစဉ်က ရန်ကုန်စီရင်စုသည် ယခု ရန်ကုန် တိုင်းထက်နယ်မြေကျယ်ဝန်းသည် ၁၈၇၃ ခုနှစ်တွင် Lient-Col Horace Albert Browne ၏ Thayetmyo District Gazetteer, Statistical and Histroical Account (သရက်မြို့ စီရင်စုဂေဇက်တီးယား) နှင့် ၁၈၈၄ ခုနှစ်တွင် J.Butler ၏ Mergui District Gazetteer (မြိတ် စီရင်စုဂေဇက်တီးယား)တို့ ထွက်ရှိခဲ့သည်။

၁၉၁၂ ခုနှစ်တွင်၊ သရက်မြို့စီရင်စုနှင့် မြိတ်စီရင်စုတို့ အပါအဝင် စီရင်စု ၃၆ ခုအတွက် ပုံစံတစ်မျိုးတည်းချ၍ ဒိစကြိတ်ဂေဇက်တီးယားများကို ပြုလုပ်ခဲ့ပြန်သည်။ ထို့ကြောင့် သရက်မြို့စီရင်စု နှင့် မြိတ်စီရင်စုတို့အတွက် ဂေဇက်တီးယားနှစ်အုပ်စီ ရှိနေကြပါသည်။

ဒိစကြိတ်ဂေဇက်တီးယားများကို အရေးပိုင်များနှင့် ကြေးတိုင်ဝန်များက ပြုစုသည်။ သထုံစီရင်စုနှင့် မအူပင် စီရင်စုဂေဇက်တီးယားတို့ကို ပြုစုသော ကြေးတိုင်ဝန်ဦးတင်ကြီးမှ တစ်ပါးနိုင်ငံခြားသားများ ဖြစ်ကြသည်။

ဒိစကြိတ်ဂေဇက်တီးယားများကို အေနှင့်ဘီဟူ၍ ၂ တွဲခွဲ၍ ပြုစုထားရှိသည်။

### ဒိစကြိတ်ဂေဇက်တီးယား

| အေ<br>(စီရင်စုတည်ရာ) | ဘီ<br>(စာရင်းဇယား) |
|---|---|
| ပထဝီဝင် | ၁။ စီရင်စုအုပ်ချုပ်ရေးနယ်မြေစာရင်း |
| သမိုင်းနှင့်ရှေးဟောင်း | ၂။ ကျေးရွာစာရင်း |
| လူမျိုးများ | ၃။ ပုလိပ်အင်အားနှင့်ခွဲဝေမှု |
| စိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၄။ ကုတို |

၅။ သစ်တောနှင့်ဓာတ်သတ္တု
၆။ အလုပ်အကိုင်နှင့်ကုန်သွယ်ရေး
၇။ လမ်းပန်းဆက်သွယ်ရေး
၈။ အစားအစာရှားပါးမှု
၉။ အုပ်ချုပ်ရေး
၁၀။ အခွန်တော်
၁၁။ ဒေသန္တရအုပ်ချုပ်ရေး
၁၂။ ပညာရေး
၁၃။ ကျန်းမာရေး
၁၄။ ဆောင်းပါးတိုများ
ဆောင်းပါးတိုကလေးများ
ခေါင်းစဉ်အောက်တွင် စီရင်စုရှိ
မြို့ရွာကြီးငယ်များအကြောင်း
မှတ်စုကလေးများ ရေးထားသည်။
အညွှန်းနှင့်ကျမ်းကိုးစာရင်းပါသည်။

၅။ လမ်းမကြီးနှင့်အင်းများ
၆။ စိုက်ပျိုးဧရိယာ
၇။ စိုက်ပျိုးသီးနှံ
၈။ ရာသီဥတုပြဇယားများ
၉။ စီရင်စုရုံးစိုက်အရေးပိုင်ရုံး
အထွေထွေဌာန
(က) စာရေး - ၄
(ခ) ပြာတာ - ၄
(ဂ) စာအုပ်ချုပ် - ၁
(ဃ) ယပ်ဆွဲ - ၂
(င) တံထိုး - ၁
(စ) ဒါရဝမ် - ၁
(ဆ) သန့်ရှင်းရေး - ၁

နောက်ဖုံးပိတ်တွင် စီရင်စုမြေပုံပါသည်။ စာအုပ်တိုင်းတွင် ဤအတိုင်းပါဝင်မည်။

ပုံစံတစ်မျိုးတည်း ချမှတ်ထားရှိသဖြင့် မည်သည့်စီရင်စုအကြောင်းကို ကြည့်သည်ဖြစ်စေ ရှေးဟောင်းနှင့် ထင်ရှားဘုရားပုထိုးများအကြောင်းသည် အခန်း ၂ တွင် တွေ့ရှိနိုင်မည် ဖြစ်သည်။

ဒိစကြိတ်ဂေဇက်တီးယားများကို အစိုးရပုံနှိပ်တိုက်မှ ၁၉၅၉ မှ ၁၉၆၃ ခုနှစ်အတွင်း အေအတွဲများကို ပြန်လည်ရိုက်နှိပ်ခဲ့သည်။ ယင်းစာအုပ်များသည် မူလစာအုပ်နှင့် စာမျက်နှာမတူသောကြောင့် အညွှန်းတွင် စာမျက်နှာတပ်ပြခြင်း မရှိတော့ပေ။ ထို့ကြောင့် အညွှန်းကိုသုံး၍ မရဖြစ်နေသည်။ မူလစာအုပ်နောက်ဖုံးအပိတ်တွင်ပါသော စီရင်စုမြေပုံလည်း မပါတော့ချေ။ နောက်တစ်ခုမှာ ကျောက်ဖြူဒိစကြိတ်ဂေဇက်တီးယားကို လုံးဝရှာမတွေ့ခြင်းပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ပြန်လည်ရိုက်ကူးရာတွင်လည်း ကျောက်ဖြူဒိစကြိတ်ဂေဇက်တီးယားပါ မလာပေ။

# စာစုစာရင်း
## (Bibliographies)

BC - 5 ရာစု
ဂရိကဗျာဆရာ
Cratinus Major → **စာစုစာရင်း (Bibliographies)** → စာအုပ်ရေးသူ လို့ အဓိပ္ပာယ်ရ
Bibillon - စာအုပ်
Graphos - ရေးသားခြင်း

AD - 100 တွင် သဘာဝသိပ္ပံပညာရှင် ဒိုင်အို(စ)ကိုရိုက် Dioscorides Bibliogtaphia ကို (စာအုပ်ရေးသားသူ) ဟု သုံးနှုန်း

ပြင်သစ်ကုန်သည် Lowis Jacot (လူဝီဂျေကော့) က Bibliographia gallica universalis ဟုအမည်ပေး

Oxford English Dictionary တွင် စာရေးခြင်းဟု အဓိပ္ပာယ်ဖွင့်

၁၉ ရာစုတွင် စာအုပ်၊ ရေးသူ၊ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ပုံနှိပ်ကြိမ်၊ စာမျက်နှာ၊ အရွယ်၊ တိုက်ပိုင်အမှတ်၊ မျိုးတူစုအမှတ်အစရှိသည့် စာအုပ်အတွက် သက်ဆိုင်သည့် အင်္ဂါရပ်အချက်အလက်များနှင့် ၎င်း၏ပညာရပ်အကြောင်းတို့ကို စနစ်တကျ မှတ်တမ်းတင်ဖော်ပြသည့် "စာရင်းပြုစုခြင်းလုပ်ငန်း" အတွက် သုံးစွဲလာသည်။

ယခုအခါ စာကြည့်တိုက်များသာမက စာအုပ်လောကအားလုံးတွင် စာစုစာရင်းပြုစုခြင်းနှင့် ယင်းလုပ်ငန်းများအတွက် "စာစုစာရင်း" ဟူသော ဝေါဟာရကိုတွင်ကျယ်စွာ သုံးနှုန်းလာကြသည်ကို တွေ့ရှိရပါသည်။

### အသုံးဝင်ပုံ

ပညာရပ်၊ စာရေးသူ၊ နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်၍ မည်သည့်စာအုပ်စာတမ်း၊ ဆောင်းပါးရေးသားချက်များရှိသည်ကို အလွယ်တကူသိရှိနိုင်။

စာအုပ်တစ်အုပ်၊ ဆောင်းပါးတစ်ပုဒ်နှင့်ပတ်သက်၍ အချက်အလက်များကို အတိအကျ သိရှိနိုင်။

၃။ မှတ်စု (annotation) ပါသော စာစုစာရင်းများတွင် ပညာရပ်၏ အတိမ်အနက်သိရှိနိုင်။

၄။ စာကြည့်တိုက်များ၏ ကတ်တလောက်တွင် ဖော်ပြလေ့ရှိသော ရေးသားချက်များကို သိရှိနိုင်။

၅။ စာစုစာရင်းတွင် ပညာရပ်၊ စာပေအရေးအသား၊ ပုံသဏ္ဌာန်ခေတ်ကာလအလိုက် ရှာဖွေတွေ့ရှိနိုင်မည့် နေရာအလိုက် စုစည်းဖော်ပြထားသောကြောင့် များစွာအသုံးဝင်ပါသည်။

## စာစုစာရင်း (Bibliographies)

**(စာအုပ်စာတမ်း၊ ဆောင်းပါးများ စာရင်းတို့ကို စုစည်းပြီး စနစ်တကျပြုစု)**

| အထွေထွေ | စာရေးသူ | ပညာရပ် | အမျိုးသား | ဒေသိယ | စာအုပ်ရောင်းသူ/ထုတ်ဝေသူ |
|---|---|---|---|---|---|
| G/B | A/B | S/B | N/B | R/B | T/B |

**အထွေထွေ** (G/B)

- ပညာရပ်
- စာရေးသူ
- နိုင်ငံတစ်ကာ
- ခေတ်ကာလအမျိုးမျိုးတို့မှ ထုတ်ဝေသော စာအုပ်စာတမ်းများ၊ ဆောင်းပါးများစာရင်း

ဥပမာ - Bestermm, Theodone, A world Bibliography, Bibliographies

**စာရေးသူ** (A/B)

- စာရေးသူ
- တစ်ဦး၏ရေးသားချက်နှင့် ထိုစာရေးသူအကြောင်း ရေးသားချက်များကို စုစည်းထားသော ဆောင်းပါး၊ စာအုပ်စာရင်း။

ဥပမာ - သိပ္ပံမောင်ဝ၊ စာစုစာရင်း

ပညာရပ် (S/B)

- ပညာရပ်တစ်ခု
- ပညာရပ်အုပ်စုတစ်ခုအကြောင်း ရေးသားချက်များကို စုစည်းထားသော စာစုစာရင်း

ဥပမာ - ပညာရေးစာစုစာရင်း

**အမျိုးသား (N/B)**

- နိုင်ငံတစ်နိုင်ငံအတွင်း ထုတ်ဝေသည့် စာအုပ်စာတမ်းများ စာရင်း
- နိုင်ငံတစ်နိုင်ငံအကြောင်း ရေးသားချက်များကို စုစည်းထားသည့် စာရင်း

ဥပမာ - British National, Bibliography

**ဒေသီယ (R/B)**


- ဒေသတစ်ခုနှစ်ပတ်သက်သော ရေးသားချက်များကို စုစည်းထားသော စာစုစာရင်း။


ဥပမာ - ရှမ်းပြည်နယ်စာစုစာရင်း

**စာအုပ်ရောင်းသူ/ထုတ်လုပ်သူ (T/B)**

- စာအုပ်ရောင်းဝယ်ရေးအတွက် ထုတ်ဝေသော စာစုစာရင်း
- သုတေသီတို့အတွက်လည်း အသုံးဝင်
- စာအုပ်တိုက်တစ်ခုခုမှ ထုတ်ဝေသောစာအုပ်များ၊ ရောင်းရန်ရှိသောစာအုပ်များကို ကတ်တလောက် ပြုလုပ်ထားသည့် စာစုစာရင်း။

ဥပမာ - ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက် စာစုစာရင်း။





**နှစ်မျိုးစလုံး သုံးတတ်ကြ**

# အညွှန်းစာအုပ်
## (Indexes)

**စာနယ်ဇင်းတို့တွင် မည်သည့်ပညာရပ်၊ စာရေးသူတို့ပါသည်ကို အလွယ်တကူသိနိုင်ရန် အညွှန်းများ (Indexes) နှင့် အညွှန်းချုပ်များ (Abstracts) လို**




**အထွေထွေ**

- ပညာရပ်ပေါင်းစုံ
- စာနယ်ဇင်းပေါင်းစုံ ကိုအညွှန်းပြု

  ဥပမာ - The Reader's Guide to Periodical Literature

**ပညာရပ်**

- စာနယ်ဇင်း
- စာအုပ်အသစ်
- ပင်းဖလက်စာအုပ်ငယ်များ (Pamphlets)
- အစီရင်ခံစာ (Reporty)
- အစိုးရစာရွက်စာတမ်းများ
- ဆွေးနွေးပွဲမှတ်တမ်းများတွင်ပါရှိသော ပညာရပ်များကို အညွှန်းပြုစု

  ဥပမာ - Index Medicus
  Indian Science Index

**မဂ္ဂဇင်း**

- မဂ္ဂဇင်းစာစောင်တစ်ခုချင်းအတွက် အညွှန်းပြုစု

  ဥပမာ - မြဝတီ၊ သွေးသောက်

**သတင်းစာ**

- ကမ္ဘာကျော်သတင်းစာကြီးအချို့သည် အညွှန်းစာအုပ်ထုတ်ဝေ
  ဥပမာ - Index to the Times , The New York Times Index

**ပေါင်းချုပ်**

- ကဗျာ
- ပြဇာတ်
- ဝတ္ထုတို
- သီချင်း အစရှိသည်တို့ကို ပေါင်းချုပ် Collection, Anthologies အဖြစ် ထုတ်ဝေရာ ယင်းစာအုပ်တွင် ပါဝင်သော တစ်ပုဒ်ချင်းအညွှန်းကို ပြုစုထုတ်ဝေခြင်း။
  ဥပမာ - Short Story Index, Play Index

**အခြား**

- အမျိုးပေါင်းများစွာရှိ
- ဝေဖန်ချက်
- သီပွဲစံများ
- ဓာတုပုံသေနည်းများ အစရှိသဖြင့် အမျိုးမျိုးတွေ့

## အညွှန်းချုပ်
## (Abstracts)

စာအုပ်စာတမ်း၊ ဆောင်းပါးများကို ရှာဖွေရာတွင် များစွာအသုံးဝင်
သက်ဆိုင်ရာစာအုပ်၊ ဆောင်းပါးများ၏ အကျဉ်းချုပ်ကိုပါဖော်ပြ
ပညာရပ်နယ်ပယ်အသေးစိတ် သတ်မှတ်ပြုစုထားသောကြောင့် သုတေသီများအတွက် မရှိမဖြစ်သည့် ရည်ညွှန်းစာအုပ်မျိုးဖြစ်လာ။
အညွှန်းများကဲ့သို့ စာရေးသူ၊ ပညာရပ်နှင့် စာအမည်ရော၍ မစီဘဲ အညွှန်းချုပ်များကိုသာ အမည်အားဖြင့် ပညာရပ်အကျယ်အလိုက်စီထား။
အညွှန်းချုပ်များကို ပြုစုရန် ပိုလက်ဝင်ပြီး အချိန်ပိုယူရသောကြောင့် အထွက်နောက်ကျ
အညွှန်းချုပ်များတွင် ဝေဖန်သုံးသပ်ချက်များ ပါဝင်လေ့မရှိ။

- ပုံနှိပ်စာအုပ်၊ ဆောင်းပါး၊ အစီရင်ခံစာတို့ကို အကျဉ်းချုပ်ပြုလုပ်သည့်အပြင် ပုံမနှိပ်ရသေးသော ပါရဂူဘွဲ့နှင့် မဟာဝိဇ္ဇာ/သိပ္ပံကျမ်းများကိုလည်း ပြုစုပေး၍ သုတေသီတို့အတွက် များစွာအသုံးဝင်။
- အညွှန်းချုပ်ထုတ်ဝေသူတို့သည် ဆောင်းပါး၊ အစီရင်ခံစာတို့ကို မိုက်ကရိုဖစ် (microfiche)နှင့် တွဲရောင်းသောကြောင့် သုတေသီတို့အတွက် အသုံးပြုရန် ပိုမိုလွယ်ကူလာ။

**အညွှန်းချုပ်**
**(Abstracts)**

အချက်အလက်တို့ကိုသာ ဖော်ပြအညွှန်းချုပ်
**(Indicative Abstracts)**

- မည်သည့်အကြောင်းအရာများ ပါရှိသည်ကို အကျဉ်းချုပ်ပြဆို

ဗဟုသုတပေးသော အညွှန်းချုပ်
**(Informative Abstracts)**

- သက်ဆိုင်ရာဆောင်းပါးစာအုပ်တို့၏ ရည်ရွယ်ချက်
- ပါဝင်မည့် ပညာရပ်နယ်ပယ်
- မည်ကဲ့သို့ရေးသားသည်
- တွေ့ရှိချက်များကို ဖော်ပြပညာရှင်များအတွက် ပိုမိုအသုံးဝင်

## စာပေအညွှန်းစာအုပ်များ

**စာစုစာရင်း**

- မိုင်းခိုင်မြို့စားကြီး မဟာဇေယျသူခေါ် ဦးယံ၏ "ပိဋကတ်သုံးပုံစာတမ်း" ခေါ် ပိဋကတ်တော်သမိုင်း။

- ၁၉၄၀ ခုနှစ်တွင် လယ်တီပဏ္ဍိတ ဦးလှတင်ပြုစုသည့် ''ပိဋကတ်သုံးပုံစာတမ်း''
- ၁၉၅၆ ခုနှစ်တွင် မြန်မာနိုင်ငံသမိုင်း ကော်မရှင်အတွက် ''ကုန်းဘောင်ခေတ်စာပေစာရင်း'' တစ်ခုကို စာရေးဆရာ ကျော်အောင်မှပြုစုပေးခဲ့။
- မြန်မာဝတ္ထုများစာစုစာရင်း (၁၉၀၀-၁၉၃၀)ကို ဒေါ်လှကြည်က ပြုစု၍ ယင်း၏အဆက်မြန်မာဝတ္ထုများစာစုစာရင်း (၁၉၃၁-၁၉၄၄)ကို စာကြည့်တိုက်ဒီပလိုမာ သင်တန်းသားအမှတ်စဉ် ၆ မှ မောင်အောင်ဝင်းက ပြုစု။
- ၁၉၇၁ ခုနှစ် ''၂၀ ရာစု မြန်မာစာပေရည်ညွှန်း စာအုပ်စာရင်းတစ်ခုကို ဦးသန်းထွတ်နှင့် ဦးသော်ကောင်း''တို့က ပြုစုခဲ့သည်။
- ဒေါ်ညွှန့်မြင့်နှင့်အဖွဲ့မှ ''မဂ္ဂဇင်းအညွှန်း (၁၉၇၃)''ကို ပြုစုခဲ့သည်။

**စာပေအဘိဓာန်**

- မလိခ၏ မြန်မာစာပေ အဘိဓာန်
- ၁၉၆၇ ခုနှစ်တွင် ဦးသော်ဇင်ပြုစုသည့် မဟာသုတကာရီမာဃဒေဝ အဘိဓာန်
- ၁၉၅၅ ခုနှစ်တွင် အသျှင်ဩဘာသဘိဝံသ၏ ''သုတေသနသရုပ်ပြ''အဘိဓာန်။

**စာပေသမိုင်း**

- ၁၉၃၂ ခုနှစ်တွင် ဦးထွန်းဖေ၏ ''မြန်မာစာ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ဖြစ်သော မြန်မာစာနိဒါန်း စာအုပ်ထုတ်ဝေခဲ့''
- ဦးဖေမောင်တင်၏ ''မြန်မာစာပေသမိုင်းကို ၁၉၃၈ ခုနှစ်တွင် ပထမအကြိမ်ထုတ်ဝေခဲ့'' ဦးမောင်မောင်ကြီး၏ ''မြန်မာစကားပြေသမိုင်း'' (၁၇၃၈-၁၇၂၅)သည်လည်း စာပေရည်ညွှန်း စာအုပ်အဖြစ် အသုံးဝင်
- မောင်ထင်၏ ''ကမ္ဘာ့စာပေအညွှန်း''

**ဓာတ်လမ်းအကျဉ်း**

- မလိခ၏ မြန်မာဝတ္ထုအညွှန်း (၁၉၆၈-၁၉၇၃)။
- နွယ်သစ်၏ ကမ္ဘာ့ကျော်စာအုပ် ၁၀၀ (၁၉၇၅)
- ၁၉၂၉ ခုနှစ်တွင် အမျိုးသားပညာဝန် ဦးဖိုးကျားက ''ငါးရာ့ငါးဆယ် ကောက်နုတ်ချက်များ'' ထုတ်ဝေခဲ့။

- ၁၉၅၆-၅၈ တွင် ပထမကျော်ဦးကြီးဖေက "ငါးရာ့ငါးဆယ်နိပါတ်တော် စကားပြေ"အကျဉ်း ချုံးရေးသားခဲ့။
- ဦးမြင့်ဆွေ၏ ဇာတ်တော်ငါးရာ့ငါးဆယ် (၁၉၇၅)

**စာညွှန့်ပေါင်း**

- မြန်မာစာညွှန့်ပေါင်းကျမ်းကို ၁၉၂၂ ထုတ်ဝေ

**စာကိုးစကားကိုး**

- ၁၉၇၄ ခုနှစ်တွင် တိုက်စိုး၏ စာကိုးစကားကိုး ပြုစုခဲ့။

**စာဆိုတော်အတ္ထုပ္ပတ္တိ**

- ၁၉၆၁ ခုနှစ်တွင် လှသမိန်ပြုစုသည့် "မြန်မာနိုင်ငံဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ၏ အတ္ထုပ္ပတ္တိ" ထွက်ခဲ့။
- ၁၉၆၂ ခုနှစ်တွင် မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိထွက်ပေါ်လာ။
- ဒဂုန်ခင်ခင်လေး၏ "အမျိုးသမီးအနုပညာရှင်များ၏ အတ္ထုပ္ပတ္တိ"
- ဒဂုန်ရွှေမျှား၏ မြန်မာနိုင်ငံစာပေဆုများ (၁၉၇၂)။

## ခေတ်အဆက်ဆက်ထင်ရှားခဲ့သော မြန်မာစာဆိုများ

**ပုဂံခေတ် (မြန်မာ ၄၀၆-၆၆၀) (ခရစ် ၁၀၄၄-၁၂၉၈)**

| | | |
|---|---|---|
| ၁။ | အနန္တသူရိယ | - "သူတစ်ယောက်တည်း" ချီမျက်ဖြေလင်္ကာ |
| ၂။ | ရှင်ဒိသာပါမောက် (ဦးကျည်ပွေ့) | - "သင်ပုန်းကြီးဋီကာ" |
| ၃။ | သံပျင်အမတ် | - "သံပျင်ဋီကာ" ဟုခေါ်သော "ဉာဉ်ကျမ်းအဖွင့်ဋီကာ" |
| ၄။ | ကျစွာမင်းကြီး | - "သဒ္ဒဗိန္ဒု" |

**ပင်းယခေတ် (မြန်မာ ၆၆၁-၇၂၅) (ခရစ် ၁၂၉၉-၁၃၆၃)**

| | | |
|---|---|---|
| ၁။ | ငါးစီးရှင်ကျော်စွာ | - "တာဝတိံသာ နတ်ရွာလော၊ နတ်ရွာလော" ချီကာချင်း |

| | | |
|---|---|---|
| စတုရင်္ဂဗလအမတ်ကြီး | - | ''အဘိဓာန်ဋီကာ'' |
| ဆူးတွင်းပစ်ဆရာတော် | - | ''သဒ္ဒသာရတ္ထဇာလိနီသဒ္ဒါကျမ်းငယ်'' |

**အင်းဝခေတ် (မြန်မာ ၇၂၆-၈၈၈) (ခရစ် ၁၃၆၄-၁၅၂၆)**

| | | |
|---|---|---|
| ပထမမင်းခေါင်းကြီး | - | ''နန္ဒဝန်လျှင် အလွန်စည်ပင်'' ချီကျေးစေမယ်ဘွဲ့ရတု |
| စကြိုသူမြတ် | - | မင်းခေါင်နှင့် ရာဇဓိရာဇ်တို့ စစ်ဖြစ်ပွားစဉ် မင်းခေါင်ကြီးဖက်မှ 'ရာဇဓိရာဇ်'အားပေးပို့သည် မေတ္တာစာ |
| ရွှေပြည့်ရှင်မယ် | - | 'လွမ်းလွမ်းကဲ၍' ချီမောင်ဘွဲ့ရတု |
| စစ်ကိုင်းမင်းသမီးမယ်ထွား | - | 'သွန်းသွန်းမိုးလယ်၊ စွန်းစွန်းကိုးကွယ်'ဟူ၍ချီသော အဖြည့်ခံရတု။ |
| လင်းဇင်းမင်းသမီး | - | 'သီတာသံလွင်' ချီ 'နတ်သမီးတိုင်ရတု |
| အဒူမင်းညို | - | 'ရခိုင်မင်းသမီးချောင်း' |
| ရှင်သူရဲ | - | 'သခင်ထွေး ချောင်း' |
| ကန်တော်မင်းကျောင်းဆရာတော် | - | 'လောကသာရပျို့' နှင့် 'မေတ္တာစာ' |
| စစ်လျှင်ထောင်မှူးရှင်ထွေးညို | - | 'ပြည်စုံမော်ကွန်း' နှင့် 'ရွှေစာတိုင်ဆင်တော်မော်ကွန်း' |
| ၁၀။ ရှင်ဥတ္တမကျော် | - | 'စက်ဆယ့်နှစ်လီ' ချီ တောလားလင်္ကာ |
| ၁၁။ ရှင်အုန်းညို | - | 'ဂါထာ ခြောက်ဆယ်ပျို့' |
| ၁၂။ ရှင်မဟာသီလဝံသ | - | 'ပါရမီတော်ခန်းပျို့'၊ 'ဆုတောင်းခန်းပျို့'၊ 'ဗုဒ္ဓုပ္ပတ္တိပျို့'နှင့် 'ပါရာယနဝတ္ထု' |
| ၁၃။ ရှင်ထွေးနားသိမ် | - | 'နတ်တော်ဆန်း၌' ချီရတု |
| ၁၄။ ရှင်မဟာရဋ္ဌသာရ | - | 'ဂမ္ဘီရပျို့'၊ 'ဘူရိဒတ်ဇာတ်ပေါင်းချုပ်'၊ 'ကိုးခန်းပျို့'၊ 'သံဝရပျို့' |
| ၁၅။ ရှင်အဂ္ဂသမာဓိ | - | 'သုဝဏ္ဏသျှံသူငွေးခန်း'၊ 'သုဝဏ္ဏသျှံလေးပစ်ခန်း'၊ 'သုဝဏ္ဏသျှံသစ္စာခန်း |
| ၁၆။ ရှင်တေဇောသာရ | - | 'ရွှေဟင်္သာမင်းပျို့'၊ 'ပြာဋိဟာခန်းပျို့'၊ 'ဗျာဒိတ်တော်ခန်းပျို့'၊ 'အာဒါသမုခ်' ပျို့။ |
| ၁၇။ ပုဂံဆရာတော် | - | 'ဓမ္မပါလပျို့' |
| ၁၈။ ရှင်ကန္တဂုတ္တ | - | 'နဝရတ်ပျို့' |

**တောင်ငူခေတ် (မြန်မာ ၈၈၉-၉၅၈)**
**(ခရစ် ၁၅၂၇-၁၅၉၆)**

၁။ လှော်ကားသုံးထောင်မှူး - 'တပင်ရွှေထီး ချေင်း'၊ 'မင်းရဲကျော်စွာ ဧချင်း' နှင့် 'ဆင်သန်မြန်စွာမော်ကွန်း'
၂။ ပြည်နဝဒေးကြီး - 'မနော်ဟရီပျို့'၊ 'ရာဇဗျူဟာပျို့'၊ 'မင်းတရားမယ်တော်ဧချင်း'၊ 'ယိုးဒယားမိဘုရားဧချင်း'
၃။ မဟာပညာကျော် - 'မဟာပညာကျော်' လျှောက်ထုံး
၄။ မိဖြူ - 'ကျွန်းတွင် ဇမ္ဗူကျွန်ုပ်ဟူသား'
၅။ မိညို - 'တောင်တွင်းမြင့်မိုရ်၊ ကျွန်ုပ်ဆိုသား'
၆။ ဗညားဒလ - 'ရာဇဓိရာဇ်အရေးတော်ပုံကျမ်း'
၇။ ပယ်သူငယ်သားရှင်မြတ်ခေါင် - 'သခင်ကြီးဧချင်း'
၈။ ဥက္ကာပျံ - 'တစ်သောင်းနေပြောင်ချီ'၊ 'အရိမေတ္တယျဘုရားဘွဲ့ရတု'

**ညောင်ရမ်းခေတ် (မြန်မာ ၉၅၉-၁၁၁၃)**
**(ခရစ် ၁၅၉၇-၁၇၅၁)**

၁။ ဝရာဘိသံဃနာထဆရာတော် - 'မဏိကုဏ္ဍလဝတ္ထု'
၂။ ရာဇဓာတုကလျာ - ရတုကဗျာများ
၃။ ရဝေရှင်ထွေး - 'ဆံထုံးထုံးနည်း ၅၅ မျိုးအန်ချင်း'
၄။ နတ်ရှင်နောင် - တောင်ငူခေတ်တွင် အကောင်းဆုံးရတုစာဆို
၅။ မင်းဧယျရန္တမိတ် (တောင်ငူ) - 'မင်းရဲနရာဧချင်း'၊ 'ဘုန်းထွန်းပဆင်တော်မော်ကွန်း' နှင့် အင်းဝမြို့ဘွဲ့ရတု၊ ဘုရားတိုင်ရတု
၆။ တောင်ဖီလာဆရာတော် - 'ယသဝဍ္ဎနဝတ္ထု'
၇။ ရှင်ကုမာရကဿဖ - 'ဓမ္မရာသီပျို့'
၈။ ရှင်သံကိုယ် - 'မင်းရဲဒိဗ္ဗဧချင်း' နှင့် 'ရတနာပြောင်ဆင်တော်မော်ကွန်း'
၉။ သဒ္ဓမ္မာလင်္ကာရဆရာတော် - 'ရတနာကရဝတ္ထု'
၁၀။ ဆီသည်ရွာစား ဦးအောင်ကြီး - အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတား
၁၁။ ရှင်ဥက္ကံသမာလာ (ရွာစား) - 'ဝဏ္ဏဗောဓနေအင်းစောက်သတ်ပုံကြီး'
၁၂။ ဦးကုလား - 'ရာဇဝင်ကြီး'၊ 'ရာဇဝင်လတ်' နှင့် 'ရာဇဝင်ချုပ်'

ကုန်းဘောင်ခေတ် (မြန်မာ ၁၁၁၄-၁၂၄၇)
(ခရစ် ၁၇၅၂-၁၈၈၅)

| | | |
|---|---|---|
| ပဒေသာရာဇာ | - | 'သူဇာပျို့' 'မဏိကက်ပျို့' |
| ကျုံးဝန်ဘုမ္မဇေယျ | - | 'မနုကျယ်ဓမ္မသတ်ကျမ်း' |
| ရွှေတောင်သီဟသူ | - | 'ရတနာကြေးမုံ' ဝတ္ထု |
| ရှင်ကရဝိက | - | 'မင်းလှယဉ်နုပျို့' |
| ဒုတိယကျော်အောင်စံထားဆရာတော် | - | 'ဝေါဟာရတ္ထပကာသနီ' |
| ရွှေတောင်နန္ဒမိတ် | - | 'ဥမ္မာဒန္တီပျို့'၊ 'မယ်တော်မာယာပျို့'၊ 'ကုသပျို့'၊ 'စန္ဒကုမ္မာဇာတ်ချင်း' |
| လက်ဝဲနော်ရထာ | - | 'လက်ဝဲနော်ရထာလျှောက်ထုံး' |
| လက်ဝဲသုန္ဒရ | - | 'မဲဇာတောင်ခြေရတု' |
| တောင်တွင်းမင်းကျောင်းဆရာတော် | - | 'ဟိတသိဒ္ဓိကကျမ်း' နှင့် 'ကန်တော်မင်းကျောင်း မေတ္တာစာအဖြေ' |
| ၁၀။ တောင်တွင်းဆရာတော် ခင်ကြီးဖျော် | - | ပါဠိသဒ္ဒါကျမ်းနှင့် ဒွာဒရာသီချင်း |
| ၁၁။ တွင်းသင်းတိုက်ဝန်မဟာစည်သူ | - | မနုဓမ္မသတ် ရွှေမျဉ်းလင်္ကာအစရှိသော ဓမ္မသတ်ကျမ်းများနှင့် ဝိဓူရပျို့၊ ဝေသန္တရာပျို့၊ ဇနကပျို့၊ ဘလ္လာတိယပျို့ စသော ပျို့များနှင့် မော်ကွန်း၊ လူးတား၊ ရတု |
| ၁၂။အတွင်းဝန်ဝဏ္ဏဓမ္မကျော်ထင် | - | 'ဝိနိစ္ဆယပကာသနီ'၊ 'မနုဝဏ္ဏနာဓမ္မသတ်'၊ 'မနောရွှေမျဉ်း ပါဠိနိသျ' |
| ၁၃။ ဦးသြ | - | 'ကဝိလက္ခဏာသတ်ပုံကျမ်း' |
| ၁၄။ မိဖုရားရှင်မင်း | - | သီရိနန္ဒာဒေဝီတို့မှ 'ရှင်မင်း'ကို ဖွားမြင်သည်။ စဉ့်ကူးမင်း၏ မိဖုရားကြီးဖြစ်၍ ကဗျာ၊ လင်္ကာများ သီကုံးခဲ့သည်။ |
| ၁၅။ ဝန်ထောက်မင်းမောင်ညို | - | 'ရွှေဖုန်းမင်းဆင်တော်မော်ကွန်း' |
| ၁၆။ ဦးဖျော် | - | 'ပုလိပ်စားချေင်း' |
| ၁၇။ ရွှေတောင်နန္ဒသူ | - | 'မွေ့နွန်းရကန်' |
| ၁၈။ ဦးလာ | - | မယ်ဘွဲ့မောင်ဘွဲ့မှတ်တမ်း |
| ၁၉။ သခ်သာရ | - | ကုမ္မာပျို့၊ သီရိရာမပျို့၊ ဂရုဓမ္မပျို့။ |
| ၂၀။ ဦးအောင်ဖြိုး | - | 'ရာဇဝင်သာချင်း'၊ 'ကျန်စစ်သား ကြုတ်ဖွင့်ခန်းသာချင်း'၊ 'မင်းဆက်သာချင်း' |

၂၁။ ရွှေကျောင်းဦးပု - ‘ကုသပျို့၊ ‘စန္ဒကုမာရပျို့’
၂၂။ ဦးယာ - ‘ညီတော်မင်းနန်ပျို့’၊ ‘အမရပူရမြို့ ၁၂ ရာသီဘွဲ့လူးတား’၊
၂၃။ ဦးတိုး - ‘ဆောင်းပါးမောင်တိုး’၊ ‘ရာမရကန်’၊ ‘ဆွတ်ပျံ့ဘွယ် အောင်ချီ’ ရတုအဖြေ
၂၄။ ဦးလန်း - ‘သဇင်ပန်းဘွဲ့’၊ ‘အီးစေရတု’၊ ‘စုန်းစေရတု’၊ ‘တစ္ဆေတိုင်ရတု’၊ ‘ယမမင်းတိုင်ရတု’၊ ‘လေဆေးလျက်ဆားတုံးချင်း’၊ ‘ဖရဲသီးဆေးတုံးချင်း’
၂၅။ ဝက်မစွတ်နဝဒေး - အာသံနိုင်ငံမော်ကွန်းနှင့် တရုတ်သံရောက်မော်ကွန်း
၂၆။ ကျဉ်းကန်ရှင်ကြီး - ‘စွယ်စုံကျော်ထင်ပုစ္ဆာကျမ်း’
၂၇။ ဦးသြဘာသ - စန္ဒကုမာရ၊ နာရဒ၊ ဝိဓူရ၊ ဝေဿန္တရာ၊ မဟောသဓာ၊ မဟာဇနက၊ နေမိ၊ တေမိ
၂၈။ ဦးသာအောင် - ဥတေနသာချင်း၊ ပဋာစာရီသာချင်း
၂၉။ ဦးပေါ်ဦး - လျှောက်ထုံးဖြင့် လူသိများ၍ ၁၂ ရာသီဘွဲ့တေးထပ်များ
၃၀။ ဦးပညာ - ‘သားရွှေဥ’
၃၁။ မုံရွေးဆရာတော် - ‘သမန္တစက္ခုဒီပနီ’
၃၂။ မြဝတီမင်းကြီးဦးစ - ‘ဘုန်းတော်ဘွဲ့သီချင်း’
၃၃။ ဦးကြင်ဥ - ၁၂ ရာသီဘွဲ့ ညည်းချင်းနှင့် ‘သီချင်းပဒေသာ’
၃၄။ မုံတိုင်ပင်ဆရာတော် - သုံးပုံတံချူ၊ သုံးပုံအိတ်ထောင့်၊ သုံးပုံလှေကား‘
၃၅။ ရွှေကျောင်းဆရာတော် ဦးပညာ - ‘မာတောဝါဒ ဆုံးမစာ’
၃၆။ စဥ့်ပါဆရာတော် - ဓမ္မနီတိချုံး
၃၇။ ဦးရွှန်း - ‘ဥမ္မာဒန္တီပျို့’၊ မဟာသုတသောမပျို့၊ မဟာဝင်ပျို့
၃၈။ ပုခန်းမင်းသား - ‘အောင်မြေသာစံ’ ပတ်ပျိုးကို ရေးသားခဲ့သည်။
၃၉။ ဆရာတော်ဦးပုတ် - ကဗျာ သာရတ္ထိသင်္ဂဟကျမ်း
၄၀။ အင်ရုံဝန်ကြီး - ‘လောကဗျူဟာအင်ရုံစာတမ်း’
၄၁။ ဦးစံသူ - ‘မောင်စံသူဆိုရွှေနန်းဘွဲ့မှာတမ်းများ’
၄၂။ မယ်ခွေ - ‘အဲချင်း၊ တျာချင်း၊ ငိုချင်း၊ လေးဆစ်နှင့်ရတုများ’
၄၃။ မက္ခရာမင်းသားကြီး - ‘အင်္ဂလိပ်-မြန်မာအဘိဓာန်’
၄၄။ လှေသင်းအတွင်းဝန် ဦးချိန်၊ ဝေါဟာရလိနတ္ထ ဒီပနီကျမ်းနှင့် ‘အဘိဓာနတ္တဝိသောဓနီကျမ်း’၊

၄၅။ ရှင်ပညာတိက္ခ - သုဝဏ္ဏသာမ ဇာတ်တော်ကြီးဝတ္ထု

၄၆။ ဖိုးသူတော်ဦးမင်း - လေးချိုး၊ ခွန်းထောက်၊ သဖြန်၊ တေးထပ်၊ ရတု၊ တံ့ချင်း ၁၂ ရာသီလွမ်းချင်းများ

၄၇။ ဦးရွှေခြည် - စန္ဒကိန္နရီပျို့

၄၈။ မောင်းထောင်ဆရာတော် - 'ပေါရာဏကထာ' ကျမ်းနှင့် 'ရာဇသေဝကဒီပနီကျမ်း'

၄၉။ ထွင့်ခေါင်ဆရာတော် - 'ရာဇပါမောဇ္ဇ' အပါအဝင် ပါမောဇ္ဇကျမ်းပေါင်း ၁၃ကျမ်း

၅၀။ လှူဦးမင်း - ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ခွန်းထောက်၊ တံ့ချင်း၊ ၁၂ ရာသီဘွဲ့ သီချင်းကဗျာ

၅၁။ မမြကလေး - 'ချစ်သမျှကို' ပတ်ပျိုး

၅၂။ စလေဦးပုည - ဂင်္ဂါမာလရေသည်ပြဇာတ်၊ ရတနာနဒီမော်ကွန်း

၅၃။ ပြင်စည်မင်းသားကြီး - ပန်းမြိုင်လယ်၊ မှော်ရုံဟောဝန်

၅၄။ မိုင်းခိုင်းမြို့စားကြီး မဟာသီရိဇေယသူ - ပိဋကတ်တော်သမိုင်း

၅၅။ ကျပင်းဆရာတော် - ကျပင်းတရားစာ၊ သဒ္ဒါနိသျှနှင့် ပိဋကတ်ဆိုင်ရာ ကျမ်းဂန်များ။

၅၆။ ကျီးသဲလေးထပ်ဆရာတော် - 'ဇိနတ္ထပကာသနီကျမ်း၊ စွယ်စုံကျော်ထင်အဖြေ'

၅၇။ ကင်းဝန်မင်းကြီး - 'အမွေမှုခန်း ဓမ္မသတ်ကျမ်း'

၅၈။ ဆတိုင်မှုတ်ဦးကူး - 'လှုံမောင်နှမပြဇာတ်'၊ 'ပဥ္စာစာရီပြဇာတ်'

၅၉။ ဦးခြိမ့် - 'ကဝိလက္ခဏာဒီပနီကျမ်း'

၆၀။ အမှာတော်ရေး ဦးရှင်ကလေး - 'ရာဇဝံသကံရ' ခေါ် 'ရာဇဝင်ကျမ်း'၊ 'သုတမဥ္ဇူဆုံးမစာ'

၆၁။ ဆားတုံဆရာတော် - 'ပုတောဝါဒပျို့'

၆၂။ ညောင်ပင်သာဦးပုည - နဝရတ်ခိင်ခေါ် ကိုးဆင့်တက်ကျမ်းကြီး၊ သာသနာဟိတမေတ္တာစာများ၊ လောကမဥ္ဇူဆေးကျမ်းနှင့် ရာဇဝံသကဗျာကျမ်း။

၆၃။ ယောအတွင်းဝန် ဦးဖိုးလှိုင် - 'ကာယနုပဿနာကျမ်း'၊ 'ဥတုဘောဇနသင်္ဂဟကျမ်း'

၆၄။ လှိုင်ထိပ်ခေါင်တင် - စိန်ခြူးကြာညောင်အစရှိသည့် ဘောလယ်များနှင့် 'ဝိဇယကာရီ'၊ 'ဣန္ဒာဝံသ' ဟူသော နန်းတွင်းဇာတ်တော်ကြီးများ

၆၅။ မော်လမြိုင်ဆရာယော - 'သထုံရာဇဝင်ပြဇာတ်'
၆၆။ ဦးကြော့ - 'စုံနံ့သာမြိုင်ရှာပုံတော်ကြီး'
၆၇။ ပုဗ္ဗန်တောင် ဦးခ - မယ်တော်သာ ပြဇာတ်၊ ကျိုက်ထီးရိုးဘုရားသမိုင်းပြဇာတ်၊ ပုသိမ်ရွှေမုဋ္ဌော သမိုင်းပြဇာတ်
၆၈။ မန်လည်ဆရာတော် - 'မာဃဒေဝလင်္ကာသစ်'
၆၉။ လယ်တီဆရာတော် - 'ပရမတ္ထဒီပနီကျမ်း' ၊ 'ဂမ္ဘီရမဗျာကျမ်း'
၇၀။ ဝန်စာရေးဦးကြီး - မြန်မာကာလပေါ်ဝတ္ထုခေတ်ဦးပိုင်းတွင် 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'၊ စိန်တလေးဝတ္ထု၊ မမြကလေးဝတ္ထု၊ ခင်ခင်လွန်းဝတ္ထု
၇၁။ ဦးပုတ်နီ - 'ဘိန်းပုံရာဇာ ကွမ်းပုံကုမ္မာပြဇာတ်'
၇၂။ ဆင်ဖြူကျွန်းဆရာသင် - 'ဥတုရသာ ဓာတ်ဆေးကျမ်း' နှင့် ပြဇာတ်၊ ဟောစာများ

**ကိုလိုနီခေတ် (မြန်မာ ၁၂၄၇-၁၃၀၉)**
**(ခရစ် ၁၈၈၅-၁၉၄၇)**

၁။ ပုဂံဝန်ထောက်မင်း ဦးတင် - ကဗျာဗန္ဓသာရကျမ်း
၂။ မော်ပီဆရာသိန်း - 'ပေါရာဏာဒီပနီ'၊ 'နှောင်းဖြစ်စာတမ်း' 'ရှေးဖြစ်စာတမ်း'၊ 'ပညာရှိကြီးများအကြောင်း'
၃။ ဂျိမ်းစ်လှကျော် - 'မောင်ရင်မောင် မမယ်မ'၊ 'ကိုမြို့အုပ် ဝတ္ထု'၊ 'နောက်လင်ဝတ္ထု'
၄။ ဦးလတ် - 'စပယ်ပင်ဝတ္ထု'၊ 'ရွှေပြည်စိုး ဝတ္ထု'
၅။ ဦးမောင်မောင်တင် - 'ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး'
၆။ ဦးပွား - 'ဝေလမင်းသားရတု'
၇။ ရွှေစကြာ - 'နာခံတော်ဝတ္ထု'
၈။ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီးဦးလင်း - 'ဒေါင်းတံဆိပ် မြန်မာဖတ်စာ'
၉။ ဦးပြုံးချို - 'မဟာဂီတတ္ထဒီပနီကျမ်း'
၁၀။ ဦးဖိုးကျား - ပုသိမ်ရာဇဝင်၊ ပေါ်ရာဏ အဘိဓာန်၊ မြန်မာရာဇဝင်၊ မြန်မာဂုဏ်ရည်၊ ကိုယ်တွေ့ဝတ္ထုများ

| | |
|---|---|
| ၁၁။ ဦးစိန်တင် | - 'ရတနာကြေးမုံဝတ္ထု' |
| ၁၂။ ဦးဘချို (ဒီးဒုတ်) | - 'စမ အဖွင့်ကျမ်း'၊ 'ဂီတဝိသောဓနီကျမ်း' |
| ၁၃။ မဟာဆွေ | - 'ဒို့မေမေ'၊ 'ဈေးချိုသူ'၊ 'သူပုန်ကြီး'၊ 'ဝါဝါဝင်း' |
| ၁၄။ ဦးချစ်မောင် (ဂျာနယ်ကျော်) | - 'ရှာရှာဖွေဖွေ'၊ 'ကမ္ဘာကြီးပျက်စီးလုနီးပြီလော'၊ 'သူ' |
| ၁၅။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း | - မှာတော်ပုံဝတ္ထု၊ ဗိုလ်ဋီကာ၊ ခွေးဋီကာ၊ ဂဠုန်ဋီကာ |
| ၁၆။ သတင်းစာဆရာ ဦးသိန်းမောင် | - ရဲမြန်မာ |
| ၁၇။ ဦးဖိုးလှတ် | - 'မြန်မာစကားအဖွင့်ကျမ်း' |
| ၁၈။ သခင်ဘသောင်း | - ပန်းသာမစာဥ (၁၉၃၆)၊ ရေနံသာ (၁၉၄၀)၊ အမေလေးဝတ္ထု (၁၉၅၀)၊ တစ်ထောင့်တစ်ည (၁၉၅၈)၊ ဗုဒ္ဓနှင့်သူ၏ စကြာဝဠာတရား (၁၉၅၇)၊ သူခိုးအာမတ် (၁၉၆၁) |
| ၁၉။ ဇဝန | - 'ကောလိပ်ကျောင်းသား' |
| ၂၀။ ဇေယျ | - 'မြန်မာမျက်ပွင့်-၁'၊ 'ရွာဓလေ့'၊ 'စာသဘင်'၊ 'ဇေယျ၏စာ' |
| ၂၁။ ဒဂုန်ရွှေမျှား | - 'ကမ္ဘာဖြူ' (၁၉၅၀)၊ 'သတင်းစာအခြေခံပညာ' (၁၉၅၂) |
| ၂၂။ ဂျာနယ်ကျော် မမလေး | - သူလိုသူ၊ မုန်း၍မဟူ၊ စိတ်၊ ကမ္ဘာမြေဝယ်၊ ရင်မှတစ်ရှိုက်၊ ရင်နှင့်အောင်မွေး၊ သွေး |
| ၂၃။ ဦးဖေမောင်တင် | - ဝိသုဒ္ဓိမဂ်နှင့် အဠသာလိနီ ပါဠိကျမ်းကြီးနှစ်စောင်ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ကမ္ဘာသို့ ဖြန့်ဝေခဲ့သည်။ |
| ၂၄။ ဇော်ဂျီ | - 'ခေတ်စမ်း' ကဗျာများ၊ ရသစာပေအဖွင့်နှင့် နိဒါန်းဆောင်းပါးများ၊ ကမ္ဘာကျော် နိဘယ်ဆုရ ဝတ္ထုတိုများ |
| ၂၅။ မင်းသုဝဏ် | - ခေတ်စမ်းကဗျာများနှင့် ဘာသာပြန်စာအုပ်များ |
| ၂၆။ ရွှေဥဒေါင်း | - 'ရန်ကြီးအောင်'၊ 'စုံထောက်မောင်စံရှား'၊ 'ရူပနန္ဒီ' |

## မြန်မာစာပေသမိုင်း

မြန်မာစာပေကို ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် (ပထမပိုင်း)နှင့် ကုန်းဘောင်ခေတ် (ဒုတိယပိုင်း)ဟူ၍ စာပေခေတ် ခုနစ်ခေတ် သတ်မှတ်ထားခဲ့သည်။ ၁၈၈၅ ခုနှစ်၌ မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံးပြီးနောက် ဗြိတိသျှကိုလိုနီ လက်အောက်ခံဘဝမှ လွတ်လပ်ရေးပြန်လည်ရရှိရန် ကြိုးပမ်းသောခေတ်ကာလတစ်လျှောက်ကို ကိုလိုနီခေတ်

သို့ လွတ်လပ်ရေးကြိုးပမ်းမှုခေတ်ဟု ခေါ်နိုင်သည်။ ၁၉၄၈ ခုနှစ်မှ ယနေ့အထိ ခေတ်ကာလတစ်လျှောက်ကို လွတ်လပ်ရေးထိန်းသိမ်း ကာကွယ်သောခေတ်ဟု ခေါ်ဆိုနိုင်သည်။ မြန်မာစာပေစတင်ပေါ်ထွန်းခဲ့သော ပုဂံခေတ်မှသည် ယနေ့ခေတ်ကာလအထိ စာပေခေတ် ကိုးခေတ်သတ်မှတ်နိုင်သည်။

**ပုဂံခေတ် (၁၀၈၁-၁၃၂၇)**

မြန်မာစာပေအရေးအသားကို ပုဂံခေတ် မင်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ စသည်တို့၌ စတင်တွေ့ရသည်။ သက္ကရာဇ် အခိုင်အမာပါရှိမှုအရ တောင်ခစည်သဘင် ကျောက်စာနှင့် ရာဇကုမာရ်ကျောက်စာတို့သည် အစောဆုံးဖြစ်ကြသည်။ ကျောက်စာပေါင်း မြောက်မြားစွာတွေ့ရှိသည့်အနက် ငြိမ်းချမ်းသာယာရေးကို ရှေးရှုလျက်အိမ်မြေ ၅၀ ရှိသော ရွာတစ်ရွာလျှင် တစ်တိုင်ကျစိုက်ထူထားခဲ့သည့် ကျစွာမင်းအမိန့်တော် ပြန်တမ်းကျောက်စာမျိုးနှင့် ငြိမ်းချမ်းရေးသံတမန်အဖြစ် ဆောင်ရွက်ခဲ့ပုံပါရှိသော ရှင်ဒိသာပါမောက်ကျောက်စာမျိုးလည်းပါရှိသည်။ ကဗျာ၊ လင်္ကာများလည်း ရှိပြီဟု မှန်းဆကြသည်။

**ပင်းယခေတ် (၁၂၉၉-၁၃၆၄)**

ကျောက်စာများကို ဆက်လက်ရေးထိုးကြသည်။ ဘာသာရေးကိုမေးဖြေသည့် ရတုအဖွဲ့နှင့် ဇာတိသွေး၊ ဇာတိမာန်ကို နှိုးဆွသည့် ကာချင်းကဗျာလည်း ပေါ်လာသည်။

**အင်းဝခေတ် (၁၃၆၄-၁၅၂၆)**

စာပေပုံသဏ္ဌာန်အသစ်များ ပေါ်ထွန်းလာသည်။ စကားပြေ၊ ပျို့၊ မော်ကွန်း၊ စချင်း၊ ရတုအဖွဲ့တို့ ပါဝင်ကြသည်။ ပါရာယနဝတ္ထုသည် အစောဆုံးဖြစ်သည်။ သားချစ်၊ သမီးချစ်တို့အား လူတော်လူကောင်းဖြစ်စေသည့် လမ်းညွှန်ဝတ္ထုဖြစ်သည့်အပြင် လောကုတ္တရာအသိအမြင်ကိုလည်း ပွားစေသည့် လူ့ဘောင်အဖွဲ့အစည်းကို အထိန်းအကွပ်ပေးမည့် ဘုန်းကြီးကျောင်းပညာရေး၏ အခြေခံဖြစ်သော အသိအလိမ္မာတိုးစေမည့်ဆုံးမစာများကိုလည်း ရဟန်းစာဆိုတို့က ရေးဖွဲ့ကြသည်။ သမိုင်းအစဉ်အဆက်ကို ဖော်ပြသော "ရာဇဝင်ကျော်" ကျမ်းလည်းပေါ်ထွက်ခဲ့သည်။

ထိုခေတ်၏ အတောက်ပဆုံး၊ အထက်မြက်ဆုံးစာပေသည်ကား ပျို့များဖြစ်သည်။ ဘုရားဟောဒေသနာများကို အခြေပြုပြီး ရဟန်းရှင်လူတိုင်းသူပြည်သားတို့ အတွေးအခေါ်မြင့်မားစေရန်၊ စေတနာကိုနှိုးသော ရသစာပေများအဖြစ် ဖန်တီးကြသည်။ လူ့ဘောင်အဖွဲ့အစည်းသဘောနှင့် သံသရာမှလွတ်မြောက်မှုကို အားပြိုင်စေသော စာပေတို့ဖြစ်ကြသည်။ ကိုးခန်းပျို့၊ ပါရမီတော်ခန်းပျို့၊ ဘုံခန်းပျို့တို့သည် ထင်ရှားသည်။

**တောင်ငူခေတ် (၁၅၇၂ - ၁၅၉၆)**

တောင်ငူခေတ်စာဆိုတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ပြင်းပြသူများဖြစ်ကြရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုထုတ်ပြသည့် ချေင်းများပေါ်ထွက်ခဲ့သည်။ တောင်ငူခေတ်ကား ရတုကဗျာအထွန်းပြောင်ဆုံး ခေတ်ဖြစ်သည်။ နဝဒေး၊ နတ်သျှင်နောင်၊ မင်းဧယျရန္တမိတ်၊ ရှင်သံခိုအစရှိသော စာဆိုတို့သည်ထင်ရှားသည်။

**ညောင်ရမ်းခေတ် (၁၉၅၆ - ၁၇၅၂)**

တောင်ငူခေတ်တွင် ဇင်းမယ်ကိုမြန်မာတို့က စီမံခန့်ခွဲရသည်။ ထို့ကြောင့် ဇင်းမယ်ပဏ္ဏာသဇာတ် ၅၀ ကိုရရှိခဲ့ကြရာ ထိုဇာတ်များထဲမှ အချို့ကိုပျို့အဖြစ်အနုအယဉ်ဖွဲ့ကြသည်။ ယသဝပုနဝတ္ထုနှင့် ရတနာကရဝတ္ထုတို့မှုကား ကြီးပွားတိုးတက်ကြောင်းများကိုလည်း လမ်းညွှန်မှုပေးခဲ့သည်။ ထိုခေတ်၏မှတ်သားဖွယ်ရာများမှာ ပြဇာတ်စာပေစတင်ပေါ်လာခြင်းနှင့် ကျေးလက်သရုပ်ဖော် တျာချင်းများနှင့် အိုင်ချင်းများပေါ်လာခြင်းဖြစ်သည်။ ဦးကုလား၏ မဟာရာဇဝင်ကျမ်းကြီးလည်း ပေါ်ထွက်ခဲ့သည်။

**ကုန်းဘောင် (ပထမ)ခေတ် (၁၇၅၂ - ၁၇၈၁)**

ရဟန်းစာဆို၊ လူစာဆိုအများတို့က စာပေစုံရေးဖွဲ့ကြသည်။ လောက၊ ဓမ္မ၊ ရာဇရေးရာစုံပါဝင်သည်။ အလောင်းမင်းတရားကြီးက နိုင်ငံတော်စုစည်းထူထောင်စဉ် လက်ဝဲသုန္ဒရက စစ်စာပေတို့နှင့်လည်းကောင်း ပံ့ပိုးကြရာ တိုင်းပြည်အင်အားတောင့်တင်းခဲ့သည်။ အရေးတော်ပုံကျမ်းများဖြင့် သူရဲကောင်းများကို မှတ်တမ်းတင်ကြသည်။ ပိဋကတ်တော်လာဝတ္ထုစာပေများဖြင့် အတွေးအခေါ်အသိအလိမ္မာကို တိုးစေသည်။

**ကုန်းဘောင် (ဒုတိယ)ခေတ် (၁၇၈၁ - ၁၈၈၅)**

ရဟန်းစာဆို၊ လူစာဆို၊ အမျိုးသမီးစာဆိုတို့က စာပေစုံ၊ အကြောင်းအရာစုံ ရေးသားဖွဲ့ဆိုကြရာ စာပေပုံသဏ္ဌာန်အစုံဆုံးဟု ဆိုနိုင်သည်။ ကဗျာလင်္ကာများအပြင် ဂန္ထဝင်မြောက် မြန်မာ့သီချင်းကြီးသီချင်းခန့်များ တီထွင်ဖွဲ့နွဲ့ခဲ့ကြသည်။ အမေးအဖြေကျမ်းများ၊ စွယ်စုံကျမ်းများ၊ နန်းလေ့မှတ်တမ်းများ၊ ရာဇဝင်ကျမ်းများ၊ ဓမ္မသတ်ကျမ်းများ၊ ဆေးကျမ်းများ၊ အုပ်ချုပ်ရေးကျမ်းအား၊ ဇာတ်တော်ကြီးဝတ္ထုများ၊ နန်းတွင်းဇာတ်တော်ကြီးများ၊ ပြဇာတ်များ အထူးတိုးပွားလာသည်။ အာသံနိုင်မော်ကွန်း၊ တရုတ်သံရောက်မော်ကွန်းတို့သည်ကား မြန်မာတို့၏အရှိန်အဝါကို ပြသနိုင်ခဲ့သည်။

**ကိုလိုနီခေတ် (သို့မဟုတ်) လွတ်လပ်ရေးကြိုးပမ်းမှုခေတ် (၁၈၈၅ - ၁၉၄၈)**

အင်္ဂလိပ်-မြန်မာအတန်းသင်ပညာရေးစနစ်ကို စတင်ကျင့်သုံးလာသည်။ ပုံနှိပ်တိုက်များပေါ်လာသဖြင့် စာအုပ်များပေါ်ထွက်လာသည်။

မဂ္ဂဇင်းများမှတစ်ဆင့် ဝတ္ထုတိုများရေးသားကြသည်။ ဝတ္ထုရှည်နှင့်ပြဇာတ်များလည်း ထွန်းကားလာသည်။ လွတ်လပ်ရေးကိုပြန်လည်ရရှိနိုင်ရန် ဇာတိသွေး၊ ဇာတိမာန်ကိုဖော်ထုတ်သည့် ဝတ္ထုရှည်များ ဆက်ကာ၊ ဆက်ကာပေါ်ထွက်လာသည်။ မှာတော်ပုံ၊ ရဲမြန်မာ၊ တပင်ရွှေထီး၊ အလောင်းဘုရား၊ စစ်ထွက်သူ၊ ဒို့မေမေစသည့်မျိုးချစ်စိတ်နှိုးဆွပေးသည့် ဝတ္ထုရှည်တို့ဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကို အကူအပံ့ပေးကြသည်။ စာနယ်ဇင်းတို့ကလည်း ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစသည့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုကို လှုံ့ဆော်ရေးဖွဲ့ကြသည်။ မြန်မာလူမျိုးတို့ တိုးတက်ကြီးပွားလိုစိတ်ဖြစ်ထွန်းစေမည့် စီးပွားရေးကျမ်း၊ တက်ကျမ်းများကိုလည်းရေးကြသည်။

**လွတ်လပ်ရေးရပြီး မျက်မှောက်ခေတ် (၁၉၄၈ မှ ယနေ့ထိ)**

လွတ်လပ်ရေးနှင့်အတူပါလာသော နိုင်ငံရေးပဋိပက္ခများနှင့် ရောင်စုံသောင်းကျန်းမှု အနိဋ္ဌာရုံများကို သတိရကြသည်။ စာပေပညာရှင်များက ပြည်သူတို့၏ဘဝကို စာနာသက်ရောက်ပြီး ကဗျာများ၊ ဝတ္ထုတိုများရေးဖွဲ့ကြသည်။

ထို့အတူ ဖက်ဆစ်ဂျပန်ခေတ်၏ အနိဋ္ဌာရုံကိုသရုပ်ဖော်သည့် မောင်ထင်၏ "ငဘ" ဝတ္ထု၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကို မော်ကွန်းတင်သည့် သိန်းဖေမြင့်၏ "အရှေ့ကနေဝန်းထွက်သည့်ပမာ" ဝတ္ထုစသော ဝတ္ထုကောင်းများပေါ်ထွန်းလာသည်။

ခေတ်ကိုသရော်သော ပြဇာတ်များ၊ မိမိအတွေးအမြင်စိတ်စေတနာကို ဖော်ကျူးသည့် ရသစာတမ်းငယ်များ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ကိုထုတ်ဖော်သည့် ဆောင်းပါးကောင်းများလည်း ပေါ်ထွန်းလာသည်။

# မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း

| စဉ် | ခေတ် | စာပေပုံသဏ္ဌာန် | မှတ်ချက် |
|---|---|---|---|
| ၁။ | ပုဂံ | စကားပြေ | |
| | | မှတ်တမ်း(ကျောက်စာ) | အလှူမှတ်တမ်းအများဆုံးတွေ့ရသည်။ (ကျစွာပြန်တမ်းလို စီမံရေးမှတ်တမ်း၊ ဒီသာပါမောက္ခလို ခရီးသွားမှတ်တမ်း အနည်းငယ်ပါ) |
| | | + ဇာတ်ဝတ္ထုပုံစာ (မင်စာ) | လောကထိပ်ပန်စသည် - (ဓမ္မ၊ ရာဇအကြောင်းအားပြု) |
| | | ကဗျာ | |
| | | + လင်္ကာ | - ကျောက်စာမှာ ကဗျာရိပ်ငွေ့ပါသူတည်း တစ်ယောက်၊ သိုးကလေးမြကန်သာ။ ဓမ္မ၊ ရာဇအကြောင်းအားပြု) |
| ၂။ | ပင်းယ | စကားပြေ | |
| | | မှတ်တမ်း (ကျောက်စာ) | ပို၍ဝေဆာလာ (လင်္ကာ၊ ကာရန်) |
| | | ကဗျာ | |
| | | + ရတု | စတုရင်္ဂဗလ၏ ရတု |
| | | + တျာ | သီဟသူလက်ထက်ဖွဲ့သောတျာသံ |
| | | + ကာချင်း | ငါးစီးရှင်ကျော်စွာကာချင်း (ဓမ္မ၊ ရာဇ - ပို၍ကျယ်ပြန့်) |
| ၃။ | အင်းဝ | စကားပြေ | |
| | | မှတ်တမ်း (ကျောက်စာ) | ပို၍ဝေဆာလာ |
| | | + ဇာတ်ဝတ္ထု | ပါရာယန (အစောဆုံး) |
| | | + ရာဇဝင် | ရာဇဝင်ကျော် (အစောဆုံး) |
| | | + မေတ္တာစာ | စကြိုသူမြတ်မေတ္တာစာ (အစောဆုံး) |

| | | | |
|---|---|---|---|
| | | | (အရေးအသားရှင်း၊ ကျစ်လျစ်) |
| | | | (မေတ္တာစာမှာ ကာရန်ပါလာ) |
| | | ကဗျာ | |
| | | + ရတု | |
| | | + ပျို့ | ဘူရိဒတ်လင်္ကာကြီး (အစောဆုံး) |
| | | + တောလား | ရှင်ဥတ္တမကျော်တောလား (အစောဆုံး) |
| | | + မော်ကွန်း | ပြည်စုန်မော်ကွန်း (အစောဆုံး) |
| | | + ဧချင်း | ရခိုင်မင်းသမီးဧချင်း (အစောဆုံး) |
| | | + မေတ္တာစာ | ရတုပုံသဏ္ဌာန်ဖြင့်လည်းဖွဲ့ (ဓမ္မ၊ ရာဇကြောင်းအားကောင်း၊ လောက အကြောင်း အတန်အသင့်ပါ) |
| ၄။ | တောင်ငူ | စကားပြေ | |
| | | + အရေးတော်ပုံ | ရာဇဓိရာဇ် အရေးတော်ပုံ (အတ္တုပတ္တိသဘော၊ ရသပါ၊ အရေးရှင်း) |
| | | ကဗျာ | တောင်ငူခေတ်ကို ရတုခေတ်ဟုခေါ်ကြသည်။ ရတုထွန်းကားသည်။ (နဝဒေး၊ နတ်ရှင်နောင်စသည်) |
| | | + ဧချင်း | - ရဝေရှင်ထွေး၊ အန်ချင်း |
| | | + အန်ချင်း | |
| ၅။ | ညောင်ရမ်း | စကားပြေ | |
| | | ဇာတ်ဝတ္ထု | ဇာတ်ဝတ္ထုစကားပြေများ ထွန်းကားသည်။ |
| | | ရာဇဝင် | ဦးကုလားရာဇဝင် ထင်ရှားသည်။ အရေးကောင်းသည်။ |
| ၆။ | ကုန်းဘောင် | စကားပြေ | |
| | | ဇာတ်ဝတ္ထု | ပိုမိုကျယ်ပြန့်လာသည်။ |

| | |
|---|---|
| | ဗုဒ္ဓဝင်ဝတ္ထုများ၊ ဇာတ်ကြီးဆယ်ဖွဲ့၊ ငါးရာငါးဆယ်ဝတ္ထုများ အသွင်အမျိုးမျိုးဖြင့်ပေါ်ပေါက်၊ ဦးပုညက အမွမ်းအမံဖြင့် စရိုက်ဖော် (ဆဒ္ဒန်ဆင်မင်းဝတ္ထုစသည်) |
| ဒဏ္ဍာရီဝတ္ထု | ရတနာကြေးမုံ (အစောဆုံး) ပင်ကိုရေး ဒဏ္ဍာရီဝတ္ထု |
| မှတ်တမ်း | - နန်းမလေ့မှတ်တမ်း (အင်ရုံ၊ ရွှေဘုံနိဒါန်း စသည်) |
| | - အမိန့်တော်မှတ်တမ်းများ |
| | - ခရီးသွားမှတ်တမ်းများ (ကင်းဝန်၊ ဦးခြိမ့်) |
| ရာဇဝင် | - တွင်းသင်း၊ မှန်နန်းစသည့်ရာဇဝင်များ |
| အရေးတော်ပုံ | - အလောင်းမင်းတရား၊ ညောဝတီ |
| ဓမ္မသတ် | - မနုကျယ် |
| ဖြတ်ထုံး | - ရေစကြိုခုံတော် |
| လျှောက်ထုံး | - မဏိရတနာပုံ |
| + ပြဇာတ် | မဏိကတ်ပြဇာတ် (အစောဆုံး) လင်္ကာ၊ ဇာတ်ချင်းများပါသည်။ |
| + ဓမ္မသတ် | မဟာရာဇသတ်ကြီးစသည် |
| ကဗျာ | ဇာတကပျို့မဟုတ်ဘဲ ဇင်းမယ်ပဏ္ဏာသလို ဖွဲ့သောပျို့များလေသည်။ လောက အကြောင်းများပေါ်သည်။ |
| တျာချင်း | ဆင်းရဲသားပြည်သူအကြောင်းဖွဲ့၊ လောက အကြောင်း အလေးပေးလာသည်။ |
| + ကြိုး၊ ဘွဲ့၊ သီချင်း | ပဒေသရာဇ၏ ထံတျာတေရှင်စသည် |
| + အိုင်ချင်း | ကျေးလက်ကဗျာ၊ ပြည်သူဘဝထင်ဟပ်၊ လောကအကြောင်း အားပြုလာ(ရှင်ငြိမ်းမယ်) |
| + လူးတား | ဦးမောင်ကြီး၏ရာသီဖွဲ့ |

| ရတု | လူးတားများ |
| --- | --- |
| အမေးအဖြေ | - အမေးတော်ဖြေ၊ သမန္တစက္ခုစသည် |
| အဖွင့်အဖြေ | - ပါရမီခန်းအဖြေ စသည် |
| + သုတစကားပြေများ | - ဘာသာရေး၊ မြန်မာမှု၊ နက္ခ၊ ဗေဒင်၊ ဆေး၊ ကျန်းမာရေး၊ သီပွဲ၊ ဘာသာစကားစသည်ဖြင့် ကျယ်ပြန့်လာ၊ လောကဓမ္မရာဇစုံလင်လာ၊ လောကအကြောင်းအားပြုလာ<br>- ဘာသာပြန် နယ်ပယ်ကျယ်ပြန့်လာ (ယိုးဒယား၊ တရုတ်၊ အင်္ဂလိပ်၊ ပေါ်တူဂီ) |
| + သတင်းစာ | ဓမ္မသတင်းစာမှစ၍ ရတနာပုံသတင်းစာ စသည်- (ပြည်သူ့ဘဝ ထင်ဟပ်လာ) |
| + နန်းတွင်းဇာတ် | ရာမ၊ အီနောင်၊ ဣန္ဒဝံသ |
| ပြဇာတ် | ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များ |
| မေတ္တာစာ | နယ်အကျယ်ဆုံး အကြောင်းအရာစုံ ပုံသဏ္ဌာန်စုံ (အကြောင်းအရာ လောကဓမ္မရာဇစုံလင်လာ ပုံသဏ္ဌာန်များ၊ ကျယ်ပြန့်လာ၊ ရေးပုံပါဠိမြန်မာပြန်ဟန်၊ ကာရန်ချိတ်ဟန်၊ စကားပြေသန့်သန့်ဟန် စသည်ဖြင့် ကျယ်ပြန့်လာသည်။) |
| ကဗျာ | |
| ပို့ | လက်ဝဲသုန္ဒရ၏ စစ်ပို့များထူးခြား၊ ဗဟုသုတများ ခမ်းခမ်းနားနားထည့်သော ပို့များ၊ ဇာတိမာန်လှုံ့ဆော်ချက်များပါလာ |

| | |
|---|---|
| | “မနုဖြူတွင်”လို ဘဝသရုပ်ဖော်ဖွဲ့များ ပေါ်လာ၊ “မဲဇာတောင်ခြေ” “ဝေဠုန်းစန္ဒာ” စသည်တို့ထင်ရှား |
| မော်ကွန်း | ရှေးကထက်ပို၍ထွန်းကားသည်။ (နဝဒေး) |
| ဧချင်း | ပလိပ်စားဧချင်းပေါ်ပေါက် |
| + ရကန် | ညောင်ရမ်းခေတ်မှာ ပေါ်ပေါက်နေကြောင်း အထောက်အထားတွေ့၊ ရကန်မတွေ့။ |
| + သာချင်း | ဦးသာအောင်၊ ဦးအောင်ဖြိုးတို့ သာချင်းဖွဲ့ |
| ကြိုး၊ ဘွဲ့၊ သီချင်းခံ | မြဝတီဦးစ၊ ပြည်စည်မင်းသားတို့၏ |
| + ပတ်ပျိုး၊ ယိုးဒယား | သီချင်းများ ထင်ရှားသည်။ |
| မွန်သံစသည် | |
| + စည်တော်သံ | |
| + လှေတော်သံ | |
| + ရှုပုံတော် | ဦးကြော့ |
| + ဂုဏ်ချင်း | |
| + ဒွေးချိုး၊ တြိချိုး | ဦးမင်းစသည် |
| လေးချိုး၊ သံချို | |
| + ညည်းချင်း | ဦးကြင်ဥ |
| + ဘောလယ် | လှိုင်ထိပ်ခေါင်တင်၏ ဆန်းသစ်ချက် |
| + တေးထပ် | - အထွန်းကားဆုံးဖြစ်သည်။ ဦးပုည |
| + ဗုံကြီးသံ | လယ်လုပ်သားတို့ဘဝ ခံစားမှုဖွဲ့ပြ |
| + တုံးချင်း | ဦးမင်း၊ ဦးပုညတို့အဖွဲ့များ |
| ကဗျာ | ဆီးဘန်နီဆရာတော်၊ ဦးကျော်လှစသည် |
| ရတု | |
| သံချိုစသည် | |
| + လေးချိုးကြီး | သခင်ကိုယ်တော်မှိုင်း၏ ခေတ်သစ်လေးချိုးကြီးများ နိုင်ငံရေးသြဇာသက်ရောက်ပုံ |
| + ခေတ်စမ်းကဗျာ | ရှေးကဗျာများနှင့်ကွဲပြားလာ |

| | | | |
|---|---|---|---|
| | | (လေးလုံးစပ်သံချို) | စိတ်ကူးသစ်များပါလာ |
| | ကိုလိုနီ | + တာရာမဂ္ဂဇင်းကဗျာ<br>(လေးလုံးစပ်များ) | အတွေးသစ်၊ အရေးသစ်များဖြင့်ရေးလာ |
| | | + သီချင်း | - ရှေးဟန် သီချင်းကြီးများ<br>- ခေတ်သီချင်းများ (သဘင်၊ ရုပ်ရှင်၊ ပြဇာတ်၊ အသံလွှင့်၊ ဓာတ်ပြား)<br>✳ လောကကြောင်းစာများပို၍ပို၍ အားကောင်းလာပုံ |
| | | + လွမ်းချင်း | ဦးကြီး၊ ဦးဆောင်းစသည်တို့ဖွဲ့၊ ပြည်သူ ဘ၀ထင်ဟပ် |
| | | + ကရင်ဩသံ | |
| | | + ဟန်ချင်း | |
| | | + ကောက်စိုက်တေး<br>မောင်းထောင်းတေး | (လောကအကြောင်း အားပြုသောကဗျာတို များ ခေတ်စားလာသည်။) |
| ၇။ | ကိုလိုနီ | စကားပြေ | |
| | | + ကာလပေါ်ဝတ္ထု | - မောင်ရင်မောင်မမယ်မ (အစောဆုံး)<br>(အနောက်တိုင်းဝတ္ထုသဘောပါလာ) |
| | | + ဝတ္ထုရှည် | - ချင်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု<br>(နန်းတွင်းအစဉ်အလာ) |
| | | + ဝတ္ထုတို | - ဝတ္ထုတိုပုံသဏ္ဍာန် တစ်စတစ်စပီသလာ<br>- စာ-နယ်-ဇင်းများကြောင့် ဝတ္ထုတိုများ ခေတ်စားလာ<br>- လူမှုရေး၊ နိုင်ငံရေးဦတည်ချက်များဖြင့် ရေးလာ။<br>- နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး ဦးတည်ချက်များပါလာ။ |
| | | ပြဇာတ် | ကိုလိုနီခေတ်ဦးပိုင်း ပြဇာတ်များ (ရှေးပြဇာတ်ပုံသဏ္ဍာန်) |

| | |
|---|---|
| | - တဖြည်းဖြည်း တိမ်ကောလာပုံ |
| + ခေတ်သစ်ပြဇာတ် | - ဆရာဝန်ပါပဲ၊ မဟာဆံချင်သူစသည် |
| | - (အနောက်တိုင်းပြဇာတ်သဘောပါလာ) |
| | - တစ်ခန်းရပ်ပြဇာတ်များရေးလာ |
| | - နယ်ချဲ့ဆန့်ကျင်ရေး၊ လွတ်လပ်ရေး ဦးတည်လာ |
| | - ကလေးပြဇာတ်များပေါ်လာ |
| + စကားပြေ | - စာနယ်ဇင်းဆောင်းပါးများ |
| အထွေထွေ | - ကျမ်းများ (ဘာသာရေး၊ ကြီးပွားတိုးတက်ရေး၊ နိုင်ငံရေးစသည်) |

## နောက်ဆက်တွဲ

## ရည်ညွှန်းလုပ်ငန်းနှင့် ရည်ညွှန်းစာအုပ်များ

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများ၏ စာကြည့်တိုက်လုပ်ငန်းများတွင် ကွန်ပျူတာနှင့် စက်မှုနည်းပညာသစ်များကို အသုံးပြုလာပါသည်။

ရည်ညွှန်းချက်လုပ်ငန်းသည် စာကြည့်တိုက်၏ အရေးကြီးသောဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်ခဲ့သည်။

### ရည်ညွှန်းလုပ်ငန်း၏ အဓိကကျသောအခြေခံဝန်ဆောင်မှုလုပ်ငန်းများ

**၁။ စာကြည့်တိုက်အကြောင်းရှင်းပြခြင်း**

ရည်ညွှန်းလုပ်ငန်းတွင် စာကြည့်တိုက်မှူးသည် စာကြည့်တိုက်အသုံးပြုသူများအား စာကြည့်တိုက်ကို မည်ကဲ့သို့အကျိုးရှိစွာ အသုံးပြုနိုင်ခြင်းနှင့် စာအုပ်စာတမ်းပစ္စည်းများမှ မိမိသိလိုသော အချက်အလက်များကို မည်ကဲ့သို့ရှာဖွေနိုင်သည်ကို ရှင်းလင်းပြသပေးခြင်းပင်ဖြစ်သည်။